The Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း
e-Paper-0041
၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်

# ရေငတ်ခံစပါးမျိုးများ တောင်သူများ ပူးပေါင်းပါဝင်ရွေးချယ် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသ ဝမ်းစာဖူလုံရေးကြိုးပမ်း



နေပြည်တော်၊ စက်တင်ဘာ ၁၃

**တောင်**သူများ ပူးပေါင်းပါဝင်သော ရေငတ်ခံစပါးမျိုးများ ရွေးချယ်ရေး အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်နေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ စပါးသီးနှံသုတေသနဗဟိုဌာနစိုက်ကွင်း၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ ရေနံချောင်း၊ ချောက်၊ ရမည်းသင်း၊ ပျော်ဘွယ် မြို့နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးအမှာစကား ပြောကြားရာ၌ နိုင်ငံတော်အနေဖြင့် ဒေသအလိုက် ဝမ်းစာဖူလုံရေးနှင့် ပိုလျှံသည်များ တင်ပို့ရောင်းချနိုင်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိရာ ဆန်ဖူလုံမှု လိုအပ်ချက်ရှိနေသည့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသတွင်လည်း မိမိဒေသ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖြင့် ဒေသရိက္ခာဖူလုံစေရေး အတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုထားပါကြောင်း၊

သို့ဖြစ်၍ ရေမြေအခြေအနေပေးသည့်ဒေသများကို ပဏာမ ရွေးချယ်ပြီး လိုအပ်ချက်များ ကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မိုးရေ ရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် စိုက်ပျိုးနိုင်သည့် ရေအနည်းလို ရေငတ်ဒဏ်ခံ စပါးမျိုးများ ထုတ်လုပ် ဖြန့်ဖြူးပေးရန် လိုအပ်မည်ဖြစ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက စမ်းသပ်စိုက်ပျိုးထားသော ယာစပါးမျိုး ၄ မျိုးကို ယနေ့ တက်ရောက်လာသော တောင်သူများကိုယ်တိုင် ရွေးချယ်သွားကြရန် ဖြစ်ကြောင်း၊ တောင်သူအကြိုက်ဆုံးမျိုးကို လာမည့် စိုက်ပျိုးရာသီအချိန်မီဖြန့်ဝေရန် ဌာနပိုင် ခြံများတွင် မျိုးပွားထုတ်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခင် ယာစပါးစိုက်ဖူးသူ တောင်သူများ အနေဖြင့်လည်း မိမိတို့၏အတွေ့အကြုံများနှင့် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ အကြံပြု ဆွေးနွေးသွားကြရန် ဖိတ်ခေါ်ပါကြောင်း၊ ယခုကဲ့သို့ မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ် နိုင်ရေး ဆောင်ရွက်ချက်သည် ဒေသဝမ်းစာဖူလုံရေးအတွက်သာမက ဖောက်ပြန်ပြောင်းလဲလျက်ရှိသည့် ရာသီဥတုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူချိန်မြင့်တက်ခြင်း အပါအဝင် သဘာဝဘေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးကိုလည်း ရည်ရွယ်ဆောင်ရွက် ခြင်း ဖြစ်၍ စားရေရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် ဂေဟစနစ်တည်ငြိမ်ရေး အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ လိုအပ်ချက်များရှိပါက ခရိုင်/မြို့နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ကြပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်မိုးမျိုးတင့် က ရေငတ်ခံစပါးမျိုးများကို မိတ်ဆက်ရှင်းလင်းပြီး ယာစပါးစိုက်ပျိုးရာတွင် ဆောင်ရွက်ရမည့် နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ရေနံချောင်း၊ ချောက်၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် နေပြည်တော်ကောင်စီ နယ်မြေမှ တက်ရောက်လာကြသူ တောင်သူ ၉၀ ဦးတို့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စပါးသီးနှံသုတေသနဗဟိုဌာန စိုက်ကွင်း၌ မျိုးယှဉ်ပြိုင်စိုက်ပျိုးထားသည့် ရေငတ်ခံစပါးမျိုး ၄ မျိုး ကို ကွင်းဆင်းလေ့လာကြရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် သုတေသီပညာရှင်များက စပါးမျိုး တစ်မျိုးချင်း၏ မျိုးဗီဇလက္ခဏာများ၊ သဘာဝမိုးရေတစ်မျိုးတည်းဖြင့်သာ စိုက်ပျိုး ထားရှိမှုနှင့် လက်ရှိစိုက်ပျိုးမြေ၏ အစိုဓါတ်အခြေအနေများကို အသေးစိတ်ရှင်းလင်းပြသကြသည်။ ဆက်လက်၍ လေ့လာရေးတောင်သူများသည် စပါးမျိုးတစ်မျိုးချင်းမှ ထွက်ရှိသော ဆန်အား ချက်ထားသည့် ထမင်းများကိုလက်တွေ့မြည်းစမ်းကြပြီး နှစ်သက်ရာ

စာ-၂ သို့

နေကြာ အထွက်တိုး နည်းပညာ
စာ-၈

ရေပန်းစားလာမည့် လိုက်ဘာရီကာ ကော်ဖီ
စာ-၁၆

# အရွက်အရောင်တိုင်းကတ် အသုံးပြု၍စပါးပင်၏ အာဟာရဓာတ်ကို စီမံခန့်ခွဲမှု တောင်သူနည်းပညာပေးဆွေးနွေး



နေပြည်တော်၊ စက်တင်ဘာ ၉

**စပါးသီးနှံပန်းတိုင်အတွက်ရရှိရေးအတွက် စပါးပင်၏အာဟာရဓာတ်လိုအပ်ချက် နှင့် အညီ ဓာတ်မြေသြဇာ စနစ်တကျ ထည့်သွင်း အသုံးပြုတတ်စေရန် ရည်ရွယ်၍ အရွက်အရောင် တိုင်းကတ် အသုံးပြုပြီး စပါး သီးနှံအာဟာရဓာတ် စီမံခန့်ခွဲမှု တောင်သူနည်းပညာပေးဆွေးနွေးပွဲ နှင့် လက်တွေ့ ကွင်းသရုပ်ပြပွဲ ကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ဘဲကုန်း စိုက်ကွင်း ၌ ကျင်းပသည်။**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဆွေးနွေးပြောကြားရာ၌ စပါးသီးနှံ ပန်းတိုင်အတွက် ရရှိရေးအတွက် မြေသြဇာအသုံးပြုရာတွင် ထည့်သွင်းလိုက်သည့်မြေသြဇာ၌ ပါရှိသည့် အာဟာရဓာတ်များအား စပါးပင် က ကောင်းစွာ စုပ်ယူစားသောက်နိုင်ရန်အတွက် စပါးသီးနှံအာဟာရဓာတ်ကိုစီမံခန့်ခွဲမှု နည်းပညာသည် လွန်စွာ အရေးကြီးပါကြောင်း၊ အရွက် အရောင်တိုင်းကတ် အသုံးပြု၍ စပါးပင်၏ နိုက်ထရိုဂျင်မြေသြဇာလိုအပ်ချိန်ကို သိရှိခြင်းဖြင့် အပင်၏ လိုအပ်ချက်နှင့်အညီ မြေသြဇာအချိန်ကိုက် ထည့်သွင်းခြင်းက အလေအလွင့်နည်းပါး၍ ကုန်ကျစရိတ်ကို ၂၀ ရာခိုင်နှုန်း မှ ၃၀ ရာခိုင်နှုန်း သက်သာစေကာ တောင်သူ့အတွက် များစွာ အကျိုးရှိစေမည် ဖြစ်ပါကြောင်း၊ ကွဲပြားသည့် မြေအမျိုးအစားအလိုက် မြေသြဇာ စတင်လိုအပ်သည့် အချိန် ကွာခြားခြင်း၊ ထည့်သွင်းလိုက်သည့်အာဟာရကို ထိန်းသိမ်းနိုင်မှုကွာခြားခြင်းအား တောင်သူများ စနစ်တကျသိရှိဆောင်ရွက်နိုင်ရန် ပညာရှင်များက နည်းပညာပေးကြရန် လိုကြောင်း၊ အလားတူ စပါးသီးနှံ အာဟာရဓာတ်ကို စီမံခန့်ခွဲမှု သုတေသနများကို ဆန်းသစ် တီထွင် ဆောင်ရွက်မှုမှရရှိလာသည့် ပိုမိုအကျိုးရှိ ထိရောက်သည့် နည်းလမ်းများအား တောင်သူများထံ အချိန်နှင့်တစ်ပြေးညီဖြန့်ဝေရန်လိုအပ်ကြောင်း၊မူလစိုက်ပျိုးမြေ၏လိုအပ်ချက် အလိုက် ယူရီးယား၊ တီစူပါ၊ ပိုတက် ထည့်သွင်းအသုံးပြုတတ်စေရေး၊ ပိုးသတ်ဆေးများ စနစ်တကျ အသုံးပြုလာစေရေးကိုလည်း သရုပ်ပြ ပညာပေး လေ့ကျင့်ပေးခြင်းဖြင့် စီးပွားရေးအရ ကုန်ကျစရိတ်လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ မြေသြဇာအလွန်အကျွံ သုံးစွဲခြင်း၊ ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ဆိုးကျိုးများ ဖြစ်သည့် ဓာတ်ကြွင်းပမာဏမြင့်မားခြင်းကြောင့် သီးနှံများ ပို့ကုန်များ နိုင်ငံတကာမှ ငြင်းပယ်ခံရခြင်း၊ ပြည်တွင်း ဈေးကွက်မတည်ငြိမ်ခြင်း ပြဿနာများကို လျော့ချဖြေရှင်းလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ မှ ကျွမ်းကျင်ပညာရှင် ဒေါက်တာခင်ခင်ဝေ က အရွက်အရောင်တိုင်းကတ် (Leaf Color Chart; LCC) နည်းပညာ အသုံးပြု၍ စပါးသီးနှံ၏ လိုအပ်ချက်အလိုက် နိုက်ထရိုဂျင်စီမံခန့်ခွဲမှု၊ အရွက်အရောင်တိုင်းကတ် (Leaf Color Chart; LCC)အသုံးပြု၍ အာဟာရလိုအပ်ချိန် တိုင်းတာရာတွင် လိုအပ်သည့် ပစ္စည်းများ၊ တိုင်းတာရမည့် အချိန်၊ အသုံးပြုပုံနှင့် အသုံးပြုရာတွင် သတိပြုရမည့် အချက်များ အားရှင်းလင်းပြသကြသည်။

ဆက်လက်၍ တောင်သူများအား အရွက်အရောင်တိုင်းကတ် အသုံးပြုပုံကို စိုက်ကွင်းအတွင်း လက်တွေ့တိုင်းတာသရုပ်ပြသကြသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ ညွှန်ကြားရေးမှူး၊ နေပြည်တော်ကောင်စီနယ်မြေစိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ခရိုင်ဦးစီးမှူးများ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့မှ စိုက်ပျိုးရေးဦးစီးမှူးများနှင့် ပညာပေးဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOALI**

---

**မျက်နှာဖုံးမှ-**

စပါးမျိုးကို မဲပေး ရွေးချယ်ခဲ့ကြကြောင်းသိရသည်။

ရေငတ်ခံစပါးစိုက်ပျိုးခြင်းသည် ရေလိုအပ်ချက်နည်းပြီး မိုးခေါင်ဒဏ်၊ အပူဒဏ်ခံနိုင်ရည် ရှိသဖြင့် မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် စိုက်ပျိုးနိုင်ခြင်း၊ သက်တမ်းတိုခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ပြီး မီသိန်းဓာတ်ငွေ့ထုတ်လုပ်မှု နည်းပါးမှုကြောင့် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်မှုကို နည်းပါးစေခြင်း စသည့် အားသာချက်များရှိနေသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်း ရေရှားဒေသတွင် စိုက်ပျိုးထုတ်လုပ်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယနေ့ကွင်းဆင်းမျိုးရွေးချယ်ရန် စိုက်ပျိုးထားသော ယာစပါးမျိုးစိုက်ခင်းများကို ဆည်ရေမသွင်းပဲ သဘာဝမိုးရေတစ်မျိုးတည်းဖြင့်သာ စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ပညာရှင်များ၏ ကွင်းဆင်းလေ့လာချက်အရ ရေနံချောင်း၊ ချောက်မြို့နယ်များတွင် သဘာဝအတိုင်းရရှိသည့် မိုးရေဖြင့် စိုက်ပျိုးနိုင်သော စပါးမျိုးများဖြစ်ကြောင်းသတင်းရရှိသည်။

**MOALI**

Agribiz News www.agribiznews.com.mm

agribiznews.com.mm

Agribiz Mobile Application

**တာဝန်ခံအယ်ဒီတာ**

ထွန်းသက်ပိုင်

**ထုတ်ဝေသူ**

ဒေါက်တာအောင်ဇံထွေး(မြ-၀၀၄၁၀)

**အယ်ဒီတာအဖွဲ့ဝင်များ**

ကျော်သူနိုင်

ကိုရင်အောင်မိုး

ထက်ဝေအောင်(စစ်ကိုင်း)

**လိပ်စာ**

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ နေပြည်တော်

ဖုန်း ၀၆၇ ၃၄၁၀၀၄၂

# ၂၀၂၅ ခုနှစ် စက်တင်ဘာ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမို အားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများမှလည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာလ ၁ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

## မိုးအခြေအနေနှင့်မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်း ပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ကယားပြည်နယ်နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## မြစ်ရေအခြေအနေ

၂၀၂၅ ခုနှစ် စက်တင်ဘာအတွင်း ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့ ၊ ဖောင်းပြင်မြို့နှင့်မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင်တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ် ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီး အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# မြန်မာထောပတ်သီးများ စင်ကာပူနှင့် ထိုင်းနိုင်ငံသို့ တင်ပို့



**မြန်**မာထောပတ်သီးကို စင်ကာပူနှင့် ထိုင်းနိုင်ငံသို့ အဓိက တင်ပို့ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးထုတ်လုပ်သူနှင့် တင်ပို့ရောင်းချသူများအသင်းမှ သိရှိရပါသည်။ စက်တင်ဘာမှ ဒီဇင် ဘာအတွင်း ထောပတ်သီးထွက်ရှိမှုများသောကြောင့် ပြည်တွင်းဖူလုံမှုအပြင် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချပါသည်။

Hass၊ Buccaneer နှင့် Amaya ကဲ့သို့သော ထောပတ်သီးမျိုးကွဲများကို နိုင်ငံခြား ဝယ်လက်များထံသို့ အရောက်ပို့ပေးပါသည်။ မြန်မာနိုင်ငံတွင် Hass ထောပတ်သီးစိုက်ဧက ၂၀၀၀၀ ခန့်စိုက်ပျိုးထားရှိပါသည်။ ယခင်နှစ်ထောပတ်သီးအထွက်နှုန်းမှာ တန်ချိန် ၃၀၀၀ ခန့်ရှိခဲ့ပြီး ယခုနှစ် တွင် အထွက်နှုန်း တိုးမည်ဟု ခန့်မှန်းထားသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ထောပတ်သီး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MAVO) တို့ ပူးပေါင်း၍ တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့နိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေ အုပ်ချုပ်ရေးအဖွဲ့ (GACC) နှင့် မှတ်ပုံတင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ ထောပတ်သီး ထုတ်လုပ်သူနှင့် တင်ပို့ ရောင်းချသူများအသင်း (MAVO) နှင့် ပူးပေါင်း၍ GACC ၏ အကောက်ခွန်စစ်ဆေးခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အသိပညာပေးခြင်း အလုပ်ရုံ ဆွေးနွေးပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနတွင် ပြုလုပ်ခဲ့သည်။

တရုတ်နိုင်ငံသို့ ထောပတ်သီးတင်ပို့ရန်အတွက် ပုံမှန်ပိုးမွှား ၆ မျိုး စမ်းသပ်ရာတွင် တောင်သူ လယ်သမားများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း MAVO အတွင်းရေးမှူး ဦးကျော်စိုးက ပြောပါသည်။

MAVO ၏ဥက္ကဋ္ဌသည် ယခုရာသီတွင် ထောပတ်သီးတင်ပို့ရန်အတွက် စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ကို မျက်စိကျနေပြီး တောင်သူအများပိုင်ကုမ္ပဏီကိုတည်ထောင်ခဲ့ပြီး ဓာတ်မြေဩဇာ နှင့် ပိုးသတ်ဆေးကဲ့သို့သော သွင်းအားစုများကို အသင်းဝင်စိုက်ပျိုးသူများနှင့်အတူ အမြန်တင်သွင်းနိုင်ရန် ကူညီပေးမည်ဖြစ်သည်။ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးမှ နှစ်စဉ် ထောပတ်သီး တင်ပို့မှုအခြေအနေများ၊ တရုတ်၊ အိန္ဒိယ၊ ရုရှားနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများကဲ့သို့သော ဈေးကွက်အလားအလာရှိသည့် နိုင်ငံများ၏ထောပတ်သီး တင်သွင်းမှု အခြေအနေများ၊ ဥရောပ စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည့် မြန်မာနိုင်ငံ၏ ထောပတ်သီး အရည်အသွေးလိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထောပတ်သီး စိုက်ပျိုးသူ ဦးရဲလင်းဦးက စိုက်ပျိုးသူများနှင့် စီးပွားရေး လုပ်ငန်းရှင်များ၏လက်ရှိအခြေအနေအရ အပင်အာဟာရ စီမံခန့်ခွဲမှုကို ဆွေးနွေးခဲ့ပြီး လယ်သမားများကလည်း ပို့ကုန်တိုးမြှင့်တင်ပို့ရန် ကတိပြုကြကြောင်း သိရှိရပါသည်။

ဟေမာန်အောင်မင်း

https://www.gnlm.com.mm/myanmar-avocados-bound-for-singapore-thailand/

e-Paper ကို
agribiznews.com.mm
တွင်ဖတ်ရှုနိုင်ပါသည်



# ၁၀ တန်းသွားမျိုးစေ့ချကိရိယာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ တို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ ဘားအံတွင် ကျင်းပ

ဘားအံ စက်တင်ဘာ ၆

ကရင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့်တွဲဖက်သုံး ၁၀ တန်းသွား မျိုးစေ့ချကိရိယာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) တို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၇ နာရီခွဲက ဘားအံမြို့နယ်၊ ဘားကပ်ကျေးရွာ၊ စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာအနီး၊ ဘားကပ်အရှေ့ကွင်း၊ ကွင်းအမှတ် ၁၀၀၉-ခရှိ တောင်သူ ဦးအုန်းသန်း၏ လယ်မြေ၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ ဘားကပ်၊ ရသေ့ပျံ၊ တောကြီးကုန်း ကျေးရွာများမှ တောင်သူများတက်ရောက်ခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ကွင်းသရုပ်ပြပွဲသို့တက်ရောက်လာသော တောင်သူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)နှင့် ရွေးချယ်ပေါင်းသတ်ဆေးများကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာန(ခွဲ)မှ မြေဆီလွှာ တိုးတက် ကောင်းမွန်စေသော ငါးအမိုင်နိုအက်စစ်ပြုလုပ်သုံးစွဲနည်းနှင့် အီးအမ်ဘိုကာရှီမြေဆွေး ပြုလုပ်သုံးစွဲ နည်းများကို လက်တွေ့ပြုလုပ်ပြသခဲ့ပြီး ပြည်နယ် ဝန်ကြီးချုပ်က အမှန်တကယ် ပြန်လည်ပြုလုပ်သုံးစွဲကြမည့် တောင်သူများအား အီးအမ်(အပြင်း)ရည်များကို အခမဲ့ ဖြန့်ဝေပေးအပ်ခဲ့သည်။

ယင်းနောက် ဘားအံမြို့၊ အမှတ်(၂၀)စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့်တွဲဖက်သုံး ၁၀ တန်းသွားမျိုးစေ့ချကိရိယာ၊ လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) တို့ဖြင့် မိုးစပါးစိုက်ပျိုးပြသခဲ့ရာ တက်ရောက်လာသော ဧည့်သည်တော်များနှင့် တောင်သူများမှ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။

**AMD**

# ထိုင်းနှင့် တရုတ်နယ်စပ်များတွင် သစ်သီးဝလံကုန်သွယ်မှုအတွက် စစ်ဆေးရေးဂိတ်များ ထပ်မံဖွင့်လှစ်မည်

**ထိုင်း**နိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် တတိယနိုင်ငံဆိုင်ရာ သစ်သီးဝလံသွင်းကုန်ပို့ကုန်သယ်ယူရေးဆိုင်ရာသဘောတူညီချက်အရ သစ်သီးဝလံများအတွက် သွင်းကုန်/ပို့ကုန်စစ်ဆေးရေးစခန်းအသစ် ၅ ခု ဖွင့်ရန် သဘောတူညီခဲ့ကြောင်း ကြေညာခဲ့သည်ဟု သိရှိရသည်။ ဤဆောင်ရွက်မှုသည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှစတင်၍ အကျုံးဝင်မည်ဖြစ်ပြီး သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်လျှော့ချခြင်း၊ ရှိပြီးသားစစ်ဆေးရေးစခန်းများတွင်ဖြစ်ပေါ်နေသော ကြန့်ကြာမှုကို လျှော့ချခြင်းနှင့် ထိုင်းသစ်သီးဝလံများကို တရုတ်ပြည်နယ်များသို့ ပိုမိုမြန်ဆန်စွာဖြန့်ဖြူးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။



စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနဝန်ကြီး Mr. Artthakorn Sirilatthayakorn က နှစ်နိုင်ငံသည် သဘောတူညီချက်၏ နောက်ဆက်တွဲစာတမ်းကို ပြင်ဆင်ပြီး တတိယနိုင်ငံများမှတစ်ဆင့် သယ်ယူပို့ဆောင်သောသစ်သီးဝလံများအတွက် ရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့် စစ်ဆေးရေးဆိုင်ရာ လုပ်ငန်းစဉ်များပါဝင်ကြောင်း၊ ဤပြင်ဆင်မှုများသည် လယ်ယာထွက်ကုန်သယ်ယူပို့ဆောင်မှုကို ပိုမိုချောမွေ့စေပြီး ဈေးကွက် အခွင့်အလမ်းများကို တိုးချဲ့နိုင်ရန် ရည်ရွယ်ကြောင်းဖော်ပြခဲ့သည်။

ACFS (လယ်ယာကုန်ပစ္စည်းနှင့် အစားအသောက်စံနှုန်းများအတွက် အမျိုးသားဗျူရို) ဦးဆောင်သည့် စိုက်ပျိုးရေးနှင့် သမဝါယမ ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ GACC (အခြားကုန်သွယ်ရေးစစ်ဆေးရေးအုပ်ချုပ်ရေးဦးစီးဌာန) တို့အကြား ဆွေးနွေးမှုများအပြီးတွင် ထိုင်းနိုင်ငံသည် Nan ပြည်နယ်ရှိ Thung Chang Phayao ပြည်နယ်ရှိ Ban Huak နှင့် Uttaradit ပြည်နယ်ရှိ Phu Du စစ်ဆေးရေးစခန်းသုံးခုကို ထပ်မံထည့်သွင်းမည်ဖြစ်သည်။ တရုတ်နိုင်ငံက Yunnan ပြည်နယ်ရှိ Mengkang နှင့် Taluo စစ်ဆေးရေးစခန်းနှစ်ခုကို ထပ်မံထည့်သွင်းမည်ဖြစ်သည်။ ထိုင်းနိုင်ငံတွင် သစ်သီးပို့ကုန်အတွက် စစ်ဆေးရေးစခန်းစုစုပေါင်း ၉ ခု၊ တရုတ်နိုင်ငံတွင် ၁၂ ခုရှိလာမည်ဖြစ်သည်။

"စစ်ဆေးရေးစခန်းများကို တိုးချဲ့ခြင်းသည် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအသစ်များဖန်တီးပေးပြီး တောင်သူများနှင့်လုပ်ငန်းရှင်များအတွက် သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ သစ်သီးရာသီအတွင်း ကြန့်ကြာမှုလျှော့ချနိုင်ခြင်းနှင့် ထိုင်းသစ်သီးဝလံများကို တရုတ်ပြည်နယ်များသို့ ပိုမိုမြန်ဆန်စွာဖြန့်ဖြူးနိုင်ရန် အခွင့်အလမ်းများဖန်တီးပေးမည်ဖြစ်သည်။ ထိုင်းသစ်သီးများ၏ တရုတ်ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မှုကို တိုးတက်စေမည်ဖြစ်သည်" ဟု Artthakorn က ပြောကြားသည်။

ACFS အတွင်းရေးမှူးချုပ် Chaiwat Yothakol က ပြောကြားသည်မှာ ဤသဘောတူညီချက်ကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၃ ရက်နေ့တွင် ထိုင်းနိုင်ငံ၏ စိုက်ပျိုး

စာ-၁၁ သို့

ကျောဖုံးမှ-

ဆံ၏ ထိပ်ဖျားတွင် "ချိတ်" ကဲ့သို့ ကွေးနေသော ပုံစံလက္ခဏာ ရှိပါသည်။ မျိုးရိုးဗီဇအရ လိုက်ဘရီကာ ကော်ဖီသည် ကရိုမိုဆုမ်း ၂၂ စုံပါသည့် ဒီပလွိုက် (diploid) မျိုးစိတ်တစ်ခု ဖြစ်ပါသည်။

လိုက်ဘရီကာကော်ဖီ၏ ရှားပါးသည့်အရည်အသွေးများကြောင့် အထူးတန်းဝင်ကော်ဖီ လေလံတင် ရောင်းချသည့်ဈေးကွက်တွင် အာရေဗီးကားကော်ဖီထက် ဈေးနှစ်ဆ ပိုမိုရရှိပါသည်။ ကော်ဖီချယ်ရီသီး၏ ဖွဲ့စည်းတည်ဆောက်ပုံကိုကြည့်မည်ဆိုပါက အာရေဗီးကားနှင့်ရိုဘတ်စတာ ကော်ဖီမျိုးများတွင် အနှစ် (pulp) ၄၀ ရာခိုင်နှုန်းနှင့် အဆံ (parchment) ၆၀ ရာခိုင်နှုန်းရှိပြီး လိုက်ဘရီကာကော်ဖီမျိုးတွင် အနှစ် (pulp) ၆၀ ရာခိုင်နှုန်းနှင့် အဆံ (parchment) ၄၀ ရာခိုင်နှုန်းရှိသောကြောင့် ထူးခြားမှုရှိသည့် မျိုးတစ်မျိုး ဖြစ်ပါသည်။ ထိုသို့ထူးခြားသည့် ချယ်ရီသီး၏ ဖွဲ့စည်းတည်ဆောက်မှုကြောင့် သကြားဓါတ် ပိုမိုပါဝင်စေပြီး သဘာဝအခြောက်ခံ နည်း (Natural Dry Processing Method) ဖြင့် ကော်ဖီပြုပြင်ထုတ်လုပ်ပါက အချိုဓာတ်ပိုကဲ၍ သစ်သီးရနံ့ (ပိန္နဲသီးရနံ့)ကို ရရှိစေပါသည်။

လိုက်ဘရီကာကော်ဖီအား ၎င်းအစပြုရှင်သန်ပေါက်ဖွားရာနိုင်ငံဖြစ်သော လိုက်ဘေးရီး ယား (Liberia) နိုင်ငံအား အစွဲပြု၍ လိုက်ဘရီကာကော်ဖီ (Liberica Coffee) ဟု ခေါ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းသည် ၁၈ ရာစုနှောင်းပိုင်း ဥရောပကိုလိုနီလက်အောက်တွင် အရှေ့တောင်အာရှ နိုင်ငံများသို့ ပျံ့နှံ့ခဲ့ပါသည်။ ထိုအချိန် ကာလသည် ကမ္ဘာ့ကော်ဖီလုပ်ငန်းအား ကော်ဖီသံချေးမှို ရောဂါ အကြီးအကျယ် ကူးဆက်ပျံ့ပွားမှုကြောင့် အာရေးဗီးကားကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်း ထိခိုက်ပျက်စီး ဆုံးရှုံးမှု ဖြစ်ပွားသော အချိန်နှင့်လည်း တိုက်ဆိုင်နေပါသည်။

ကော်ဖီချစ်သူများအတွက် ကံကောင်းစေသည့်အချက်မှာ လိုက်ဘရီကာကော်ဖီသည် ထိုသို့ ဆိုးရွားပြင်းထန်သောကူးစက်ပြန့်ပွားမှုကို ခံနိုင်ရည်ရှိနေသောအချက်ဖြစ်ပါသည်။ ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများသည် ရိုဘတ်စတာကော်ဖီအစား လိုက်ဘရီကာကော်ဖီမျိုးကို အစားထိုး စိုက်ပျိုးထုတ်လုပ်လာခဲ့ကြပါသည်။ အဆိုပါအချက်ကြောင့် ဖိလစ်ပိုင် နိုင်ငံသည် နိုင်ငံ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ၉၀% ကို လိုက်ဘရီကာကော်ဖီ စိုက်ပျိုးခဲ့ခြင်း ကြောင့် ယခုအချိန်တွင် လိုက်ဘရီကာကော်ဖီကို အဓိက စိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံ စာရင်းဝင် နေခြင်း ဖြစ်ပါသည်။ ယခုအခါ၌ လိုက်ဘရီကာကော်ဖီ အားလုံးသည် အရှေ့တောင်အာရှတိုင်းပြည်များဖြစ်သော Philippines, Malaysia, နှင့် Indonesia နိုင်ငံ များမှ အဓိကထုတ်လုပ် နေခြင်းဖြစ်ပါသည်။ မလေးရှားနိုင်ငံသည် လိုက်ဘရီကာကော်ဖီကို အခြေခံ၍ ကော်ဖီအမျိုးမျိုးကို အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ထုတ်လုပ်လျက်ရှိရာ အထူးတန်းဝင်ကော်ဖီအမျိုးအစား ထုတ်လုပ်မှု တွင် မိုင်လိုက်ဘရီကာအမှတ်တံဆိပ် (My Librica Brand) သည် ထင်ရှားကျော်ကြားသည့် အမှတ်တံဆိပ် ဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံရှိ အထူးတန်းဝင်ကော်ဖီအမျိုးအစား ထုတ်လုပ်မှုတွင် ဂွတ်ကပ်အမှတ်တံဆိပ် (Good Cup Brand) သည် ထင်ရှားလူသိများပါသည်။

လိုက်ဘရီကာကော်ဖီကို အခြားကော်ဖီမျိုးများနှင့်မတူပဲ ထူးခြားစေသောအချက်မှာ ၎င်း၏ မြင့်မားသောဖွဲ့စည်းပုံ၊ ခံနိုင်ရည်ရှိသောသဘောသဘာဝနှင့် စိန်ခေါ်မှုရှိသောရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေအရင်းအမြစ်နည်းပါးချိန်တွင် ရေကိုရရှိစေမည့် ပိုမိုနက်ရှိုင်းပြီး ကျယ်ပြန့်သော အမြစ်စနစ်တို့ ပါဝင်နေခြင်း ဖြစ်ပါသည်။ ထိုသို့ ခံနိုင်ရည်ရှိသော သစ်ပင် အမျိုးအစားဖြစ်သည့်အတွက် အခြားကော်ဖီမျိုးများ ခံနိုင်ရည်မရှိသော ပြင်းထန်သောရာသီဥတု၊ မြေနိမ့်ဒေသများနှင့် မြေဆီသြဇာ ညံ့ဖျင်းသော အခြေအနေများတွင် ရှင်သန်နိုင်ပြီး စိုက်ပျိုး ထုတ်လုပ်နိုင်ခြင်းဖြစ်ပါသည်။ ထိုသို့ နက်ရှိုင်းကျယ်ပြန့်သည့်အမြစ်စနစ် ရှိနေခြင်းကြောင့် ရေ နှင့် အစာအဟာရများကို ပိုမိုစုပ်ယူ နိုင်စေခြင်းသည် လိုက်ဘရီကာ ကော်ဖီကို ကိုင်းဆက်မျိုးပွားခြင်း (Grafting) ပြုလုပ်ရာတွင် အောက်ခံပင်အဖြစ် (Stock) အသုံးပြုနိုင်မည် ဖြစ်ပါသည်။

ဓာတုဖွဲ့စည်းမှုအရ၊ လိုက်ဘရီကာကော်ဖီတွင် ကလိုရိုဂျီနစ်အက်ဆစ် (chlorogenic acid) ပါဝင်မှုသည် ရိုဘတ်စတာ (Robusta) ထက် နည်းသော်လည်း အာရေးဗီးကာ (Arabica) ထက် မြင့်မားပါသည်။ အဆိုပါဓာတ်သည် ကော်ဖီ၏ ခါးသက်မှု နှင့် ဖန်သောအရသာ (astringency) ကို လွှမ်းမိုးပြောင်းလဲစေပါသည်။ ကဖိန်း (caffeine) ပါဝင်မှုမှာ ယေဘုယျအားဖြင့် အာရေဗီးကာနှင့် ရိုဘတ်စတာ ကြားတွင် ရှိနေတတ်သော်လည်း ၎င်းစိုက်ပျိုးရာပတ်ဝန်းကျင်နှင့် ပြုပြင် ထုတ်လုပ်သည့် နည်းလမ်းများ (processing methods) အပေါ် မူတည်၍ ကွာခြားမှုများ ရှိနိုင်ပါသည်။ ထူးခြားသော အနံ့ထုတ်လုပ်သည့် ဒြပ်ပေါင်းများ (unique volatile compounds) ဖြစ်သည့် မီသိုင်းကီတုန်း (methyl ketones) နှင့် လက်တုန်း (lactones) တို့ကဲ့သို့သော ဒြပ်ပေါင်းများသည် ၎င်း၏ ပြင်းထန်သော၊ ထင်ရှားသော ရနံ့ (bold aroma) ကို ဖြစ်ပေါ်စေပြီး၊ သစ်သားဆန်သော (woody)၊ မီးခိုးနံ့ရှိသော (smoky) သို့မဟုတ် ပန်းနံ့သင်းသော (floral) အဖြစ် ဖော်ပြလေ့ရှိကြပါသည်။ ဤရနံ့အမျိုးအစားမှာ ကော်ဖီလှော်သော နည်းစနစ် (roast profile) အပေါ် မူတည်၍ ပြောင်းလဲနိုင်ပါသည်။

လိုက်ဘရီကာကော်ဖီ၏ အမှန်တကယ်ထူးခြားပြီး ချိုမြိန်သော အရသာကို ပေးစွမ်းနိုင်ခြင်းသည် အခြားကော်ဖီ အမျိုးအစားများနှင့် အတော်လေးကွာခြားစေသည့် အချက်ဖြစ်ပါသည်။ လိုက်ဘရီကာကော်ဖီကို အများအားဖြင့် သဘာဝအတိုင်းပြုပြင်ထုတ်လုပ်လေ့ရှိသောကြောင့် ကော်ဖီချယ်ရီသီးများထဲ၌ သစ်သီးအချိုအနှစ်ဓါတ်များ ပိုမိုပါဝင်ခြင်းသည် အချဉ်ဖောက်ခြင်း ဖြစ်စဉ်ကြောင့် ပိုမိုချိုမြိန်စေပြီး သစ်သီးရနံ့ထူးကဲသောကော်ဖီရနံ့နှင့် အရသာကို ဖြစ်ပေါ်စေခြင်း ဖြစ်ပါသည်။ လိုက်ဘရီကာကော်ဖီသည် အာရေးဗီးကားကော်ဖီထက် ပိုမိုချိုမြိန်ပြီး ထူးကဲသော သစ်သီးအရသာနှင့် စံပယ်



စိုက်ပျိုးရေးဦးစီးဌာန၊ နောင်နန်းခြံ၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်ရှိ လိုက်ဘရီကာကော်ဖီပင်

ပန်းရနံ့၊ နှင်းဆီပန်းရနံ့ကဲ့သို့သော ရနံ့များပေါင်းစပ်ထားသကဲ့သို့ ဖြစ်စေပါသည်။ ယင်းကော်ဖီသည် သောက်သုံးပြီးနောက် ချောမွေ့သော ခံတွင်းနံ့နှင့်သာယာသော ချိုမြိန်မှုအား ကြာရှည်စွဲကျန်မှုကို ပေးစွမ်းနိုင် ပါသည်။

ထိုသို့ ထူးခြားသော ဝိသေသလက္ခဏာများဖြစ်သော အလွန်မြင့်မားစွာ ကြီးထွားမြင့်မား နိုင်ခြင်းနှင့် ပိုမိုနက်ရှိုင်းကျယ်ပြန့်သော အမြစ်စနစ်တို့ရှိခြင်းကြောင့် အခြားကော်ဖီမျိုးများ ခံနိုင်စွမ်းမရှိသော ပြင်းထန်သော ရာသီဥတု၊ မြေနိမ့်ဒေသများနှင့် မြေဆီသြဇာညံ့ဖျင်းသော အခြေအနေများတွင် ရှင်သန်ဖြစ်ထွန်းနိုင်ခြင်း၊ ကော်ဖီချယ်ရီသီးတွင် အနှစ် ၆၀ (Pulp 60%) ရာခိုင်နှုန်း ပါဝင်ပြီးသကြားဓာတ် ပိုမိုပါဝင်ခြင်းကြောင့် အချိုဓာတ်ပိုကဲ၍ သစ်သီးရနံ့ (ပိန္နဲသီးရနံ့)ကို ရရှိစေခြင်း၊ အခြားကော်ဖီမျိုးများနှင့် တွဲဖက်၍ သီးရောစနစ် (Intercorpping System) အသုံးပြုနိုင်ခြင်း၊ အခြားကော်ဖီမျိုးများစွာ ခံနိုင်ရည်မဲ့သော ကော်ဖီသံချေးမှိုရောဂါ (Coffee leaf rust disease) ကို ခံနိုင်ရည်ရှိခြင်း တို့ကြောင့် “လိုက်ဘရီကာ” ကော်ဖီမျိုးသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအကြားစိတ်ဝင်စားမှုမြင့်တတ်လာပြီး တစ်ဖြည်းဖြည်း ရေပန်းစားလာမည့် ကော်ဖီမျိုးတစ်မျိုးဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**သူရိန်နိုင် (ကော်ဖီ-ရာသီ)**

# ဝယ်လိုအား လျော့နည်းမှုကြောင့် အိန္ဒိယ၏ လက်ဖက်ခြောက်ဈေးနှုန်း ၅၀ ရာခိုင်နှုန်း ကျဆင်း

ကင်ညာနှင့် နီပေါနိုင်ငံတို့မှ လက်ဖက်ခြောက်အား ဈေးနှုန်းသက်သာစွာ တင်သွင်းမှုမြင့်တက်လာခြင်းနှင့် အမေရိကန်၏ ဝယ်လိုအားအပေါ် သက်ရောက်မှုရှိသော Trump ၏ အခွန်စည်း ကြပ်မှုများဆိုင်ရာ မသေချာမရေရာမှုများကြောင့် အိန္ဒိယ လက်ဖက်ခြောက်ဈေးနှုန်းသည် ပြီးခဲ့သည့် နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဩဂုတ်တွင် တစ်ကီလိုဂရမ်လျှင် ၁၄ ရူပီးအထိ ကျဆင်းသွားခဲ့ ကြောင်းသိရှိရသည်။

အကျိုးဆက်အနေဖြင့် ထုပ်ပိုးပြီး ကုန်ချောလက်ဖက်ခြောက်များ၏ လက်လီဈေးနှုန်းများ ဆက်လက်ကျဆင်းသွားဖွယ်ရှိကြောင်း လူသုံးကုန်ပစ္စည်းထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီများဖြစ်သည့် Hindustan Unilever (HUL) နှင့် Tata Consumer Products (TCPL) တို့က ပြောကြားခဲ့သည်။

လက်ဖက်ခြောက်လက်လီဈေးနှုန်းသည် ပြီးခဲ့သည့်နှစ် ဇူလိုင်မှ ဩဂုတ် ကာလတူနှင့်နှိုင်း ယှဉ်ပါက ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း ထိကျဆင်းနေကြောင်း သိရှိရသည်။ လက်ဖက်ဈေးနှုန်း သိသိသာသာကျဆင်းမှုသည် အာသံ၊ အနောက်ဘင်္ဂလား၊ ဟိမာချယ် ပရာဒေ့ရှ်နှင့် တောင်အိန္ဒိယပြည်နယ်များတွင် လက်ဖက်စိုက်ပျိုးသူခန့်မှန်းခြေ ၂၄ သန်းခန့်အပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း၊ ယင်းစိုက်ပျိုးသူများသည် ၂၀၂၄ ခုနှစ်၌ နိုင်ငံ၏ လက်ဖက်ခြောက် ထုတ်လုပ်မှုစုစုပေါင်းတွင် ၅၄ ရာခိုင်နှုန်း ပါဝင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံလက်ဖက်ဘုတ်အဖွဲ့၏ အချက်အလက်များအရ သိရသည်။

လက်ဖက်ကုန်ကြမ်းဈေးနှုန်းသည်



ဧပြီ၊ မေလကတည်းက ဖိအားများခံနေရပြီး တစ်ကီလို ဂရမ်လျှင် ၂၂ ရူပီးဖြင့် ရောင်းချနေရကြောင်း၊ ကင်ညာနိုင်ငံ၏ လက်ဖက်ခြောက်ထုတ်လုပ်မှုပိုများလာသည်နှင့်အမျှ အိန္ဒိယသို့ဈေးနှုန်းချိုသာစွာတင်ပို့မှုမြင့်တက်ခဲ့ပြီး လက်ဖက်ဈေးနှုန်းများ အလုံးစုံကျဆင်းခဲ့ကြောင်း Confederation of Indian Small Tea Growers Association (CISTA) ၏ ဥက္ကဋ္ဌ Bijoy Gopal Chakraborty က ပြောကြားခဲ့သည်။

အစိုးရအချက်အလက်များအရ အိန္ဒိယနိုင်ငံ၏လက်ဖက်တင်သွင်းမှုသည် ၂၀၂၄ ဘဏ္ဍာနှစ်တွင် ကီလိုဂရမ် ၂၅ ဒသမ ၂၁ သန်းမှ ၂၀၂၅ ဘဏ္ဍာနှစ်တွင် ၅၀ ဒသမ ၁၄ သန်းသို့ နှစ်ဆတိုးလာ ကြောင်း သိရှိရသည်။

အိန္ဒိယသည် လက်ဖက်ခြောက် ကီလိုဂရမ် ၁၇ သန်းခန့်ကို အမေရိကန်သို့ တင်ပို့ခဲ့ပြီး ၎င်း၏ စုစုပေါင်း လက်ဖက်တင်ပို့မှု ကီလိုဂရမ် ၂၅၅ သန်း၏ ၇ ရာခိုင်နှုန်းခန့် ပါဝင်ပြီး ဆယ်စုနှစ် အတွင်း အမြင့်ဆုံးဖြစ်ခဲ့ ကြောင်းလည်း သိရှိရသည်။

ဂုဂျာရတ်ပြည်နယ်အခြေစိုက် Jivraj Tea ၏ မန်နေးဂျင်းဒါရိုက်တာ Viren Shah က ထုတ်လုပ်မှုများပြားခြင်းကြောင့် လက်ဖက်ဈေးနှုန်းများလည်း ကျဆင်းသွားကြောင်းနှင့် ယခုအချိန်တွင် လက်ဖက်လက်လီဈေးနှုန်းများ ချက်ချင်းပြန်ကောင်းလာနိုင်ရန် မဖြစ်နိုင်သေးကြောင်း ပြောကြားခဲ့ သည်။ အိန္ဒိယသည် ၂၀၂၅ ခုနှစ်၊ ပထမနှစ်ဝက်တွင် လက်ဖက် ၃၅၉ ဒသမ ၃၂ ကီလိုဂရမ် ထုတ် လုပ်ခဲ့ပြီး ယခင်နှစ်ကထက် ၄ ရာခိုင်နှုန်း တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည်။

လက်ဖက်ခြောက်ဈေးနှုန်းများသည် မကြာသေးမီက လေလံပွဲများအတိုင်း ယခင်နှစ်ထက် ၁၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့ပြီး ယခုနှစ်တွင်လည်း ဈေးနှုန်းအလားအလာ ဆက်လက်အားနည်းနေမည်ဟု မျှော်မှန်းထားကြောင်း TCPL မှ မန်နေးဂျင်း ဒါရိုက်တာ Sunil D'Souza က ဇူလိုင်လတွင် သုံးသပ်ပြောကြားခဲ့သည်။

**မျိုးမြင့်မောင်**

Raw tea leaf prices crash 50% amid surging imports and weak export demand, The Economic Times, August 21, 2025.

# ရောင်းအားကောင်းစေရန် ဗီယက်နမ်တောင်သူများ အွန်လိုင်းတွင် ဒူးရင်းသီးများ ရောင်းချ

Dak Lak ခရိုင် Ea Knuec ဒေသ မှ တောင်သူများသည် ၎င်းတို့၏ ဒူးရင်းသီးများကို ဈေးကွက်တင်ရန်အတွက် online sales platforms အသုံးပြုနေကြသည်။ ဩဂုတ် ၂၄ ရက်က TikTok နှင့် Facebook တွင် "ရွာသားများနှင့်အတူ ဒူးရင်းရောင်းခြင်း" ခေါင်းစဉ်ဖြင့် တိုက်ရိုက် ထုတ်လွှင့်သည့် ပွဲတစ်ပွဲသည် ကြည့်ရှုသူထောင်ပေါင်းများစွာကို ဆွဲဆောင်ခဲ့ပြီး ၂ နာရီအတွင်း၊ ဒေသတွင်း Dona



မျိုးဒူးရင်းသီး တန်ချိန် ၆၀ ကျော် ရောင်းချခဲ့ရသည်။

အဆိုပါအခမ်းအနားကို Ea Knuec ကွန်မြူနတီပါတီကော်မတီအတွင်းရေးမှူး Ngo Thi Minh Trinh တက်ရောက်ခဲ့ပါသည်။ သူမ၏အဆိုအရ၊ အဆိုပါအစပျိုးမှုသည် ရောင်းချခြင်းအတွက်သာမက ပြည်တွင်းစားသုံးသူများအား ယခင်က ပြည်ပဈေးကွက်သို့ တိုက်ရိုက်တင်ပို့သည့် ထုတ်ကုန်များကိုလက်လှမ်းမီနိုင်စေခြင်းလည်းဖြစ်သည်။ ဒစ်ဂျစ်တယ်ကိရိယာများနှင့် ရင်းနှီးကျွမ်းဝင် ဖြစ်အောင် လယ်သမားများအား တွန်းအားပေးရန်လည်း ရည်ရွယ်ပါသည်။ "ပွဲ၏ ရည်ရွယ်ချက် သည် အရောင်းပမာဏနဲ့ တိုင်းတာခြင်း မဟုတ်ပါကြောင်း" ပြောကြားခဲ့ပါသည်။

ဝင်းဝါသောအသားနှင့် သေးငယ်သော အစေ့များကြောင့် လူသိများသော Dona ဒူးရင်းသည် ဗီယက်နမ်တွင် အကျယ်ပြန့်ဆုံး စိုက်ပျိုးသည့်မျိုးကွဲများထဲမှ တစ်ခုဖြစ်သည်။ တိုက်ရိုက် ထုတ်လွှင့်မှုသည် အသီးအနှံများကို ဒေသ၏ ယဉ်ကျေးမှုနှင့် သဘာဝအခြေအနေများကိုချိတ်ဆက်ရန်လည်း ကြိုးပမ်းခဲ့သည်။ ရွေးချယ်ထားသော ဥယျာဉ်ခြံမြေသည် ၂၀၁၄ ခုနှစ်တွင် ဒူးရင်းစိုက်ဧက ၁ ဒသမ ၈ ဟက်တာကိုစီမံခန့်ခွဲပြီး နှစ်စဉ် ၃၅ တန်ခန့် ထွက်ရှိသည်။ မကြာသေးမီက ဈေးနှုန်း အတက်အကျနှင့် ဈေးကွက်မတည်ငြိမ်မှုများကြောင့် စိုက်ပျိုးသူများအား မသေချာ မရေရာမှုများ ဖြစ်စေခဲ့ကြောင်း ၎င်းက ရှင်းပြသည်။ "ယခုအခြေအနေကို စောင့်ကြည့်ပြီးသောအခါ ဒူးရင်းသီးစိုက်ပျိုး ရောင်းချခြင်းနှင့် 'သစ်သီးဘုရင်' အကြောင်းကို ပြည်တွင်းသာမက ပြည်ပထိ စားသုံးသူများဆီ ဖြန့်ချိဖို့နဲ့ ဒူးရင်းသီး စိုက်ပျိုးရောင်းချမှုဓာတ်လမ်းကို မျှဝေဖို့ ကိုယ်ပိုင်

စာ-၇ သို့



# ရုရှား၏ ကောက်ပဲသီးနှံရိတ်သိမ်းနိုင်မှု ယခုနှစ် တန်ချိန် ၁၃၅ သန်း ရရှိရန် ခန့်မှန်း

ရုရှားနိုင်ငံသည် ယခုနှစ်အစပိုင်းမှ စတင်၍ ကောက်ပဲသီးနှံ ရိတ်သိမ်းမှုသည် ဂျုံတန်ချိန် ၆၄ သန်းကျော် အပါအဝင် တန်ချိန် ၈၅ သန်းကျော် ရရှိထားပြီး ယခုနှစ်ကုန်တွင် ရိတ်သိမ်းနိုင်မှု ခန့်မှန်းချက်မှာ တန်ချိန် ၁၃၅ သန်းရှိမည်ဟု ဒုတိယဝန်ကြီးချုပ် Mr. Dmitry Patrushev က ပြောကြားခဲ့ သည်။

ရုရှားလယ်သမားများသည် ယနေ့အထိ ကောက်ပဲသီးနှံ တန်ချိန် ၈၅ သန်းကျော် ရိတ်သိမ်းထားပြီး ယင်းတို့အနက် ဂျုံသည် ၆၄ သန်းကျော် ပါဝင်ကြောင်း၊ ယင်းပမာဏသည် ပြည်တွင်းလို အပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ကြောင်း ဒုတိယဝန်ကြီးချုပ်က စိုက်ပျိုးရေးဆိုင်ရာ အစည်းအဝေးတွင်ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်တွင် နိုင်ငံ၏ ကောက်ပဲသီးနှံရိတ်သိမ်းနိုင်မှုသည် ဂျုံတန်ချိန် ၈၈-၉၀ သန်း အပါအဝင် စုစုပေါင်း တန်ချိန် ၁၃၅ သန်းခန့် ရောက်ရှိရန် မျှော်လင့်ထားကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီး Ms. Oksana Lut က အစောပိုင်းတွင် ပြောကြားခဲ့ဖူးသည်။

၂၀၂၄-၂၀၂၅ စိုက်ပျိုးရေးနှစ်တွင် ရုရှားနိုင်ငံသည် ကောက်ပဲသီးနှံ တန်ချိန် ၅၃ သန်း တင်ပို့ခဲ့ပြီး ယင်းတို့အနက် ဂျုံတန်ချိန် ၄၄ သန်း ပါဝင်ကြောင်း၊ ရုရှားသည် ကမ္ဘာ့ဂျုံဈေးကွက်တွင် ဦးဆောင်နေရာ၌ ဆက်လက်ရှိနေကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။

လက်ရှိတွင် ရုရှားသည် နိုင်ငံပေါင်း ၁၀၈ နိုင်ငံသို့ ကောက်ပဲသီးနှံများ တင်ပို့လျက်ရှိပြီး ယင်းတို့အနက် နိုင်ငံ ၇၀ သည် ရုရှားဂျုံကို တင်သွင်းကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ရုရှား၏ ကောက်ပဲသီးနှံ စုစုပေါင်းရိတ်သိမ်းမှုမှာ တန်ချိန် ၁၃၀ သန်း နီးပါးရှိ ခဲ့ပြီး ယင်းတို့အနက် ဂျုံတန်ချိန် ၈၂ သန်းကျော် ပါဝင်ကြောင်း ရုရှားဖက်ဒရယ် စာရင်းအင်းဝန် ဆောင်မှုဌာန၏ အချက်အလက်များအရ သိရသည်။

**ခွန်မျိုးသူ**

https://www.interfax.ru/russia/1043536

# ရုရှားနှင့် အိန္ဒိယကြား ကုန်သွယ်မှု ပမာဏ ငါးနှစ်အတွင်း ခုနစ်ဆတိုးလာ

ရုရှား-အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် လွန်ခဲ့သည့်ငါးနှစ်အတွင်း ခုနစ်ဆနီးပါး တိုး တက်လာခဲ့ကြောင်း၊ အိန္ဒိယသည် ရုရှား၏ အဓိကနိုင်ငံခြားကုန်သွယ်ရေး မိတ်ဖက်များထဲမှ ထိပ်ဆုံး ၃ နိုင်ငံစာရင်းတွင် ပါဝင်ကြောင်း ရုရှား ပထမဒုတိယဝန်ကြီးချုပ် Mr. Denis Manturov က ရုရှား-အိန္ဒိယ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အိန္ဒိယသို့ အဓိကတင်ပို့သည့် ကုန်စည်များမှာ စွမ်းအင်အရင်းအမြစ်များအပြင် ဓာတ်မြေသြဇာများ၊ သတ္တုထုတ်ကုန်များ၊ သစ်ထွက်ကုန်များ၊ စိန်၊ စွမ်းအင်ဆိုင်ရာ စက်ပစ္စည်းကိရိယာများနှင့် အစားအသောက်များ ဖြစ်သည်။

အိန္ဒိယမှ ရုရှားသို့ အဓိကတင်သွင်းသော ကုန်စည်များမှာ စိုက်ပျိုးရေးထွက်ကုန်များ၊ ဆေးဝါးများနှင့် ကုန်ကြမ်းပစ္စည်းများ၊ အပေါ့စားစက်မှုလုပ်ငန်းသုံး ကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းများ၊ စက်ပစ္စည်းကိရိယာများနှင့် အစိတ်အပိုင်းများ ဖြစ်သည်။

ဥရောပအာရှစီးပွားရေးသမဂ္ဂ(Eurasian Economic Union) နှင့် အိန္ဒိယအကြား လွတ်လပ် သောကုန်သွယ်ရေးသဘောတူညီချက် (FTA) ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရုရှား - အိန္ဒိယ နှစ်နိုင်ငံကြား ဘဏ်လုပ်ငန်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းအပြင် ရုရှားနိုင်ငံသည် အိန္ဒိယသို့ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၊ ကျောက်မီးသွေးများကို ဆက်လက်တင်ပို့လျက်ရှိပြီး သဘာဝဓာတ်ငွေ့ရည် (LNG) တင်ပို့နိုင်မှု အလားအလာကိုလည်း Mr. Denis Manturov က အဆိုပါ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အိန္ဒိယသည် ကမ္ဘာ့တတိယမြောက် ရေနံအများဆုံး သုံးစွဲသည့် နိုင်ငံဖြစ်ပြီး တင်သွင်းမှုအပေါ် မှီခိုမှုမြင့်မားသည့် နိုင်ငံဖြစ်သည်။ ရုရှားနှင့် အိန္ဒိယကြား နိုင်ငံတော်သုံး ငွေကြေးများဖြင့် ငွေပေးချေ မှုဝေစုသည် ၉၀ ရာခိုင်နှုန်းကျော်ရှိသည်။

ရုရှားနှင့် အိန္ဒိယကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ် လာ ၆၅ ဘီလီယံခန့်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၆ ဘီလီယံအထိ တိုး တက်ခဲ့သည်။

**ခွန်မျိုးသူ**

https://ria.ru/20250820/rossiya-2036562788.html




စာ- ၆ မှ

ချန်နယ်ကို တည်ဆောက်ချင်ပါသည်" ဟု ဆိုသည်။

အခြားလယ်သမားများကလည်း အပြုသဘောဖြင့် တုံ့ပြန်ကြသည်။ Krong Pac မှ စိုက်ပျိုးသူ Le Thi Thoi က ဒူးရင်းသီးများကို အွန်လိုင်းတွင် အုပ်စုလိုက် အရောင်းမြှင့်တင်ရခြင်းကို ဂုဏ်ယူမိကြောင်း ပြောကြားခဲ့သည်။ ယခင်က လယ်သမားများသည်စိုက်ပျိုးခြင်းအပေါ် အဓိကအာရုံစိုက်ပြီး e-commerce နှင့် အတွေ့အကြုံ အနည်းငယ်သာရှိသော်လည်း digital platforms သည် အရောင်းလမ်းကြောင်းများကို များပြားစေပြီး ထုတ်ကုန်တန်ဖိုးကို မြှင့်တင်နိုင်ကြောင်း ပြသခဲ့သည်ဟု သူမက ထပ်လောင်းပြောကြားခဲ့သည်။ ပြည်တွင်းနှင့် ပို့ကုန်လိုအပ်ချက်များ ပြည့်မီစေရန် စိုက်ပျိုးသူများသည် စံချိန်စံညွှန်းသတ်မှတ်ရေး လုပ်ငန်းစဉ်များဆီသို့ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း မှတ်ချက်ပြုသည်။

တိုက်ရိုက်ထုတ်လွှင့်မှုသည် ပိုမိုကျယ်ပြန့်သော အသိုင်းအဝန်းမှ ပံ့ပိုးမှုများကိုလည်း ဆွဲဆောင်ခဲ့သည်။ ထုတ်လွှင့်နေစဉ်အတွင်း Ea Knuec ရှိ ဒူးရင်းလုပ်ငန်းဂေဟစနစ် ဖွံ့ဖြိုးတိုးတက် စေရန် တစ်ဦးချင်းနှင့် စီးပွားရေးလုပ်ငန်းများသည် အမေရိကန်ဒေါ်လာ ၁၄၉,၀၀၀ ကတိပြုခဲ့ကြသည်။ အတွင်းရေးမှူး Ngo Thi Minh Trinh ၏ ပြောကြားချက်အရ အဆိုပါ ရန်ပုံငွေများကို စိုက်ပျိုးရေးတွင် ဒစ်ဂျစ်တယ် အလေ့အကျင့်များ ချမှတ်ခြင်း၊ စိုက်ပျိုးနည်းစနစ်များ အဆင့်မြှင့်တင်ခြင်းနှင့် လူမှုဖူလုံရေး အစီအစဉ်များကို ပံ့ပိုးကူညီရန်အတွက် ရန်ပုံငွေများကို အသုံးပြုသွားမည် ဖြစ်ကြောင်းသိရသည်။

Ea Knuec သည် လက်ရှိတွင် ဒူးရင်းစိုက်ခင်း ဟက်တာ ၆၀၀၀ နီးပါးရှိပြီး ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၆၀၀၀၀ ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။ online platforms များကို အသုံးပြုခြင်းဖြင့် အရောင်းရဆုံး လမ်းကြောင်းကို ပံ့ပိုးပေးကာ လယ်သမားများအား ဒစ်ဂျစ်တယ် စီးပွားရေးစနစ်၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်အောင် ချဉ်းကပ်ရန် တွန်းအားပေးခဲ့ကြောင်း သိရှိရပါသည်။



**လင်းလှဲ့ရည်အောင်**

https://www.freshplaza.com/asia/article/9759696/vietnamese-farmers-sell-durians-online-to-boost-sales/

မေးမြန်းလေ့လာ နည်းပညာ

# နေကြာသီးနှံ အထွက်တိုးရေးဆိုင်ရာ နည်းပညာ



မောင်ဖူးဝေ(တောင်တွင်းကြီး)

နေကြာသည် စားသုံးဆီဖူလုံရေးအတွက် စိုက်ပျိုးသင့်သော ဆီထွက်သီးနှံတစ်မျိုး ဖြစ်သည်။ နေကြာကို သီးသန့်ဖြစ်စေ၊ သီးညှပ်ဖြစ်စေ စိုက်နိုင်သည်။ ယာမြေတွင် မိုးသီးနှံရိတ်သိမ်းအပြီးဖြစ်စေ၊ လယ်မြေတွင် စပါးရိတ်သိမ်းအပြီးဖြစ်စေ၊ ကိုင်းကျွန်းမြေများတွင်ဖြစ်စေ စိုက်ပျိုးနိုင်ပါသည်။

တောင်သူလယ်သမားတစ်ဦး၏ နေကြာသီးနှံအောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် မေးမြန်းမှုအပေါ် ဖြေကြားခဲ့မှုများကို စိုက်ပျိုးသုတ ပေးဝေမျှလိုက်ပါသည်။

မေး။ နေကြာသီးနှံအထွက်တိုးဖို့ ဘယ်လိုမျိုးတွေကို စိုက်ပျိုးရမှာလဲ သိချင်ပါတယ်။

ဖြေ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀)နှင့် အထက်ရှိတဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့ကို စိုက်ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ထုတ်ဝေထားတဲ့ စိုက်ပျိုးသင့်တဲ့ မျိုးနှစ်မျိုးကို ပြောပြပါမယ်။

တစ်မျိုးက ရေဆင်းစပ်မျိုး နေကြာ-၁ ဖြစ်ပါတယ်။ သက်တမ်း ရက် ၈၀ မှ ၈၅ ရက် ရှိတဲ့မျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်းမြင့်မားပြီး အပင်သန်စွမ်းကောင်းမွန်ပါတယ်။ အပင်အမြင့်မှာ ၄ ပေ မှ ၄ ဒသမ ၅ ပေရှိပြီး ယိုင်လဲမှုဒဏ်ကို ခံနိုင်ရည်ရှိပါတယ်။ နေကြာမှာ ကျရောက်တတ်တဲ့ နေကြာရွက်ခြောက်ရောဂါဒဏ်ကို အသင့်အတင့် ခံနိုင် ရည်ရှိပါတယ်။ အပွင့်အရွယ်အစားကြီးမားပြီး အချင်း ၅ လက်မမှ ၉ လက်မ ရှိပါ တယ်။ တစ်ပွင့်ပါအောင်စေ့ ၅၀၀ မှ ၉၀၀ ရှိပါတယ်။ အစေ့အရွယ်အစား ကြီးမားပြီး အစေ့ ၁၀၀၀ အလေးချိန်ဂရမ် ၄၅ မှ ၅၀ ရှိပါတယ်။ ဆီပါဝင်မှု ၄၈ မှ ၅၁ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ပျားနဲ့ဖြစ်စေ၊ လူနဲ့ဖြစ်စေ၊ ဝတ်မှုန်ကူးပေးဖို့ မလိုအပ်ဘဲ တစ်ဧက အထွက် ၅၅ တင်း မှ တင်း ၆၀ ထွက်နိုင်တဲ့မျိုး ဖြစ်ပါတယ်။

နောက်တစ်မျိုးကတော့ ဆင်းရွှေကြာ-၂ ဖြစ်ပါတယ်။ အထွက်ကောင်းမျိုး(Open Pollinated Variety)ဖြစ်ပါတယ်။ သက်တမ်း ရက် ၈၀ မှ ၈၅ ရက် ရှိသောမျိုး ဖြစ်ပါတယ်။ အပင်အမြင့်မှာ ၄ ပေ မှ ၄ ဒသမ ၅ ပေ ရှိတယ်။ အပွင့်အချင်း ၅ လက်မ မှ ၇ လက်မ ရှိတယ်။ တစ်ပွင့်ပါအောင်စေ့ ၅၀၀ မှ ၇၀၀ ရှိတယ်။ အစေ့ ၁၀၀၀ အလေးချိန် ဂရမ် ၄၂ မှ ၄၅ ရှိတယ်။ ဆီထွက်ရာခိုင်နှုန်း ၄၅ မှ ၄၈ ရာခိုင်နှုန်း ရှိတယ်။ တစ်ဧကမှ အထွက် ၂၅ တင်း မှ တင်း ၃၀ ထွက်နိုင်တဲ့မျိုး ဖြစ်ပြီး ဒေသမရွေးစိုက်ပျိုးဖြစ်ထွန်းပါတယ်။

မေး။ နေကြာသီးနှံအထွက်တိုးအောင်စိုက်ပျိုးနည်းစနစ်ကို ပြောပြပေးပါ။

ဖြေ။ မြေဆီဩဇာထက်သန်တဲ့ သဲနုန်းမြေစေး၊ နုန်းမြေနဲ့ သဲနုန်းမြေတို့မှာ ထယ်ရေး နက်နက် ထွန်ရေး ညက်ညက်မြေပြုပြင်ပြီး တစ်ဧကတွင် အပင်ဦးရေ ၂၉၀၀၀ ရရှိအောင် တန်းကြား ၂ ပေ၊ ပင်ကြား ၉ လက်မ ထားကာ၊ တစ်ကျင်းလျှင် မျိုးစေ့ ၂ စေ့နှုန်း၊ မျိုးစေ့ကို ၁ ဒသမ ၅ လက်မ မှ ၂ လက်မအနက်မှာ စိုက်ပျိုးရမှာ ဖြစ်ပါတယ်။

အကောင်းဆုံးစိုက်ပျိုးချိန်ကတော့ မိုးရာသီမှာ မေ မှ ဇွန်၊ မိုးနှောင်းရာသီမှာ စက်တင်ဘာမှ အောက် တိုဘာ၊ မိုးစပါးရိတ်သိမ်းအပြီးစိုက်ပျိုးရာမှာ မြေအစိုဓာတ် လုံ လောက်စွာရှိရင် နိုဝင်ဘာနှင့် ဒီဇင်ဘာမှာ စိုက်ပျိုးနိုင်ပါတယ်။ ဆည်ရေရရှိတဲ့ ဒေသတွေမှာလည်း မိုးကြိုသီးနှံအဖြစ် ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီတို့တွင် စိုက်ပျိုး နိုင်ပါတယ်၊

အပင်သက်တမ်း ၁၅ ရက်သားအတွင်း တစ်ကျင်းလျှင် တစ်ပင်ချန်၍ အပြီး သားခွဲရန် ဖြစ်ပါတယ်။ အပင်ယိုင်လဲမှုမဖြစ်စေရန် အဖူးဝင်ချိန်မှာ ဘောင်တင်ပေးသင့်ပါတယ်။

မေး။ လိုအပ်တဲ့အာဟာရအတွက် မြေဩဇာသုံးစွဲရေးနဲ့ပတ်သက်ပြီး သိချင်ပါတယ်။

ဖြေ။ နေကြာစိုက်ပျိုးရန် မြေမပြုပြင်မီ တစ်ဧကလျှင် နွားချေး၊ ကြက်ချေးသို့မဟုတ် သဘာဝမြေဆွေးများကိုလည်း ၅ မှ ၁၀ စီးနှုန်း ထည့်ပေးသင့်ပါတယ်။ မြေပြုပြင်စဉ်မှာ ယူရီးယား မြေဩဇာ ၁၁၂ ပေါင်၊ တီစူပါမြေဩဇာ ၅၆ ပေါင်နဲ့ ပိုတက်ရှ်မြေဩဇာ ၅၆ ပေါင်နှုန်း ထည့်ပေးသင့်ပါတယ်။

နေကြာအဖူးဝင်ချိန်မှာ တစ်ဧက လျှင် ယူရီးယား ၅၆ ပေါင်နှုန်း ထပ်မံထည့်ပေး သင့်ပါတယ်။

မေး။ နေကြာစိုက်ခင်းပေါင်းမြက်နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး လိုအပ်ချက်တွေကို လည်း ပြောပြပါဦး။

ဖြေ။ အပင်အညှောင့်ပေါက်ပြီး ၇ ရက်အတွင်း ကြားပေါင်းလိုက်ကိရိယာနဲ့ ပေါင်းမြက်ကို နှိမ်နင်းသင့်ပါတယ်။ အပင်ခြေနေရာ တစ်ဝိုက်ကိုတော့ လက်ပေါင်းလိုက်ခြင်းဖြင့် ပေါင်းမြက်များအား နှိမ်နင်းရမှာ ဖြစ်ပါတယ်။

နေကြာပင်ကို ဖြုတ်စိမ်း၊ ပျပိုး၊ ပိုးနဂါး၊ ရွက်စုံစားခူမွှေးရှည်၊ အပွင့်စားပိုး -စသည်ဖြင့် အင်းဆက်ပိုးများ ဖျက်ဆီးနိုင်ပါတယ်။ အပင်ငယ်စဉ်မှာ သင့်လျော်ရာ ပိုးသတ်ဆေးနဲ့ ဖျန်းပက်ကာကွယ်သင့်ပါတယ်။ နေကြာရင့်မှည့်ချိန်မှာ အပင်ရှိအစေ့ အဆန်များကို ငှက်နဲ့ ကြွက်ရန်မှ ကာကွယ်ဖို့လည်း လိုပါတယ်။

အပင်ငယ်စဉ်မှစတင်ပြီး ပင်ခြေပုပ်ရောဂါကျရောက်နိုင်ပါတယ်။ မျိုးစေ့ကို မှိုသတ်ဆေးတစ်မျိုးမျိုးနဲ့ လူးနယ်စိုက်ပျိုးကာကွယ်ရန် ဖြစ်ပါတယ်။ နေကြာပင် ကြီးထွားမှုအဆင့်တိုင်းတွင်ကျရောက်တတ်တဲ့ ရွက်ခြောက်ရောဂါအတွက်တော့ ပေါင်းမြက်များကို သုတ်သင်ရှင်းလင်းခြင်း၊ ရောဂါကာကွယ်ဆေးအသုံးပြုပြီး ပြန့်ပွားမှုကို ထိန်းချုပ်ခြင်း၊ ရောဂါကျအပင်အကြွင်းအကျန်များကို မီးရှို့ပစ်ခြင်း၊ သီးနှံအလှည့်ကျ စိုက်ပျိုးခြင်း စတဲ့ နည်းလမ်းတွေနဲ့ ကာကွယ်ရန် ဖြစ်ပါတယ်။

မေး။ နေကြာကို သီးထပ်၊ သီးညှပ် စိုက်ပျိုးရေးဆိုင်ရာတွေလည်း ရှင်းပြပါဦး။

ဖြေ။ မိုးဦးသီးနှံများဖြစ်တဲ့ နှမ်းလျှင်၊ ပဲတီစိမ်း၊ မြေပဲစတဲ့ ယာသီးနှံတစ်မျိုးမျိုးကို ရိတ်သိမ်းပြီးချိန် မိုးနှောင်းရာသီမှာ နေကြာသီးနှံကို သီးထပ်စိုက်ပျိုးနိုင်ပါတယ်။မိုးစပါး ရိတ်သိမ်းအပြီးမှာလည်း ဆောင်းသီးနှံအနေနဲ့ဖြစ်စေ၊ မိုးကြိုသီးနှံအနေနဲ့ဖြစ်စေ၊ နေကြာ သီးနှံကို သီးထပ်စိုက်ပျိုးနိုင်ပါတယ်။

သီးညှပ်စိုက်ပျိုးခြင်းဆိုတာကတော့ နေကြာချည့်သီးသန့်စိုက်ပျိုးခြင်းမပြုဘဲ ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ဂျုံ စတဲ့ ယာသီးနှံတစ်မျိုးမျိုးနဲ့ တစ်ချိန်တည်းတစ်ပြိုင်တည်း အတူ စိုက်ပျိုးခြင်းမျိုး ဖြစ်ပါတယ်။ အခြားသီးနှံကို ကြဲပက်စိုက်ပျိုးပြီး နေကြာကို အတန်းလိုက် စိုက်နိုင်တယ်။ အကောင်းဆုံးမှာ သီးနှံ နှစ်မျိုးလုံးကို အတန်းလိုက်စိုက်ပျိုးတာ ဖြစ်ပါ တယ်။ ဥပမာ-ပဲတီစိမ်းနဲ့ နေကြာ သီးညှပ်စိုက်မယ်ဆိုရင် ပဲတီစိမ်းအတန်း ၆ တန်းခြားတိုင်း နေကြာ ၂ တန်းစိုက်တာမျိုး ဖြစ်ပါတယ်။ ပဲတီစိမ်းလည်းရ နေကြာက စားသုံးဆီလည်း ရနိုင်လို့ တောင်သူ

စာ-၉ သို့

# အိန္ဒိယအပေါ် အမေရိကန်၏ အကောက်ခွန်စည်းကြပ်မှုအား အပြည့်အဝ ဆန့်ကျင်ဟု တရုတ်နိုင်ငံပြောကြား

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အမေရိကန်ပြည်ထောင်စု၏ အိန္ဒိယနိုင်ငံအပေါ် ၅၀ ရာခိုင်နှုန်း အထိ အကောက်ခွန်စည်းကြပ်မှုနှင့် ထပ်မံတိုးမြှင့်ရန် ခြိမ်းခြောက်မှုကို အပြည့်အဝဆန့်ကျင်ကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Xu Feihong က ယခုလ ၂၁ ရက်တွင် ပြောကြား ခဲ့သည်။

Feihong က အကောက်ခွန်နှင့် ကုန်သွယ်ရေး "စစ်ပွဲများ" သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ကုန်သွယ်မှုစနစ်ကို ထိခိုက်ပျက်ပြားစေနေကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တရုတ်သံအမတ်ကြီး၏ ပြောကြားချက်သည် အိန္ဒိယ-တရုတ် ဆက်ဆံရေး တိုးတက် လာချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်၍ အရေးပါကြောင်း တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ယခုလ ၁၉ ရက်တွင် "တည်ငြိမ်သော၊ ပူးပေါင်းဆောင်ရွက်သော၊ အနာဂတ်ကိုမျှော်မှန်းသော" ဆက်ဆံရေးအတွက် အစီအမံများစွာကို ထုတ်ဖော်ခဲ့ကြောင်း သိရသည်။ အဆိုပါ အစီအမံများတွင် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးကို ပူးပေါင်းထိန်းသိမ်းခြင်း၊ နယ်စပ်ကုန်သွယ်မှုကို ပြန်လည်ဖွင့်လှစ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုစီးဆင်းမှုကို မြှင့်တင်ခြင်းနှင့် တိုက်ရိုက်လေကြောင်း ဆက်သွယ်မှုများကို အမြန်ဆုံးပြန်




လည်စတင်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။

အာရှ၏ ရေမနိုင်ငံကြီးနှစ်ခု၏ "ပြည့်ဝသော" ဖွံ့ဖြိုးတိုးတက်မှု အလားအလာကို အကောင် အထည် ဖော်ဆောင်ရွက်ရန် ရည်ရွယ်သည့် အဆိုပါ ထုတ်ပြန်ကြေညာချက်များသည် သမ္မတ Donald Trump ၏ ကုန်သွယ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ မူဝါဒများကြောင့် အိန္ဒိယနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့အကြား ဆက်ဆံရေးတွင် တိုးပွားလာသော ကွဲလွဲမှုများအကြားတွင် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး Wang Yi က ယခုသီတင်းပတ် အစောပိုင်းတွင် ဝန်ကြီးချုပ် Narendra Modi နှင့် တွေ့ဆုံခဲ့သလို နိုင်ငံခြားရေးဝန်ကြီး S. Jaishankar၊ အမျိုးသားလုံခြုံရေး အကြံပေး Ajit Doval တို့နှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် အဆိုပါ အစီအမံများကို နှစ်နိုင်ငံပူးတွဲစာတမ်း တစ်ခုတွင် ထည့်သွင်းဖော်ပြခဲ့ကြကြောင်း သိရသည်။

တရုတ်သံအမတ်ကြီးက IIC တွင် ကျင်းပသော အခမ်းအနားတစ်ခု၌ ပြောကြားရာတွင် ဝါရှင်တန်မှ နိုင်ငံအသီးသီးအပေါ် စည်းကြပ်ထားသည့် အကောက်ခွန်များကို ရည်ညွှန်းပြောကြားခဲ့သည်။

"အမေရိကန်ပြည်ထောင်စုသည် အိန္ဒိယနိုင်ငံအပေါ် ၅၀ ရာခိုင်နှုန်းအထိ အကောက်ခွန်များ စည်းကြပ်ခဲ့ပြီး ထပ်မံစည်းကြပ်ရန်ပင် ခြိမ်းခြောက်ခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၎င်း အား အပြည့်အဝ ဆန့်ကျင်သည်" ဟု ၎င်းက ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပမည့် SCO Summit အကြောင်း ပြောကြားရာတွင် Feihong က တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံအပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်း၍ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အကျိုးဖြစ်ထွန်းသော ရလဒ်များပါဝင်သည့် ထိပ်သီးအစည်းအဝေးကို ကျင်းပရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

" "နဂါးနှင့် ဆင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လှုပ်ရှားမှု" (Dragon-elephant tango) ၏ အခန်းသစ်တစ်ခုကို ကျွန်တော်တို့ အတူတကွ ဖွင့်လှစ်နိုင်ပါတယ်" ဟု ၎င်းက အခိုင်အမာပြောကြား ခဲ့သည်။

သို့ဖြစ်ရာ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အနေဖြင့် အမေရိကန်၏ ကောက်ခွန်ဆိုင်ရာ ခြိမ်းခြောက် မှုကို တုံ့ပြန်ရန် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုစသည့် နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆက် ဆံရေးပိုမိုခိုင်မာအားကောင်းစေရန် အတူတကွ ပူးပေါင်းဆောင်ရွက် သွားမည့် အလားအလာများ ရှိနေကြောင်း တင်ပြလိုက်ရပါသည်။

**ကောင်းထွဋ်အောင်**

Economic Times, China Fully Opposes it: Envoy Xu on US Tariffs, August 22, 2025.

စာ-၈ မှ

အတွက် စီးပွားရေး အကျိုးအမြတ် ရရှိမှာ ဖြစ်ပါတယ်။

မေး။ နေကြာရိတ်သိမ်းနည်းစနစ်ကို သိချင်ပါတယ်။

ဖြေ။ နေကြာပွင့်နောက်ကျောဘက် အဝါရောင်သမ်းလာချိန် ရိတ်သိမ်းရန် ဖြစ်ပါတယ်။ ရိတ်သိမ်းပြီး နေကြာပွင့်တွေကို တစ်ပွင့်နဲ့တစ်ပွင့် မထပ်စေဘဲ ၂ - ၃ ရက် နေလှမ်းအခြောခံရန် ဖြစ်ပါတယ်။ အစေ့တွင်းအစိုဓာတ် ၅ - ၆ ရာခိုင်နှုန်းထိ ရရှိရန် ၂ - ၃ ရက် နေလှမ်းပြီး လေလုံအောင် သိုလှောင်ရန် ဖြစ်ပါတယ်။

မေး။ နေကြာအတွက်တိုးဖို့ ဖြည့်စွက်ပြောလိုတာရှိရင် ထပ်ပြောပေးပါဦး။

ဖြေ။ စိုက်ပျိုးမြေမှာ နေကြာပန်းဖူးဝင်ချိန်မှ ပန်းပွင့်ချိန်ထိ ၃ ပတ်အတွင်း အစိုဓာတ် မလုံလောက်ရင် ပန်းပွင့်ကြီးထွားမှုကို ရပ်တန့်စေပြီး အထွက်ကို များစွာ ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် အဖူး ၇၅ ရာခိုင်နှုန်း ဝင်ချိန်နဲ့ ပန်း ၇၅ ရာခိုင်နှုန်း ပွင့်ချိန်တို့မှာ ရေလိုအပ်မှုရှိပါက တစ်ကြိမ်စီ ရေပေးသွင်းနိုင်ရေး ဆောင်ရွက်ပါလို့ ပြောချင်ပါတယ်။

**မောင်ဖူးဝေ(တောင်တွင်းကြီး)**

# ကမ္ဘောဒီးယား ကာဗင်းဒစ်ငှက်ပျော တင်ပို့မှု တရုတ်နိုင်ငံသို့တိုးချဲ့

Kampot ပြည်နယ်ရှိ အကြီးဆုံး ကာဗင်းဒစ်ငှက်ပျောစိုက်ပျိုးရေးခြံဖြစ်သော World Tristar Cambodia သည် ပြည်တွင်းနှင့် ပြည်ပပို့ကုန်ဈေးကွက်နှစ်ခုလုံးတွင် ဝယ်လိုအားကို ဖြည့်ဆည်းပေး ရန် ထုတ်လုပ်မှုကို တိုးချဲ့လျက်ရှိသည်။

ကုမ္ပဏီကိုယ်စားလှယ် Heang Menghoung က Chhouk ခရိုင် Trapeang Phleang ဒေသတွင် ဟက်တာ ၁,၀၀၀ ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးကြောင်း၊ ၎င်းတို့အနက် ဟက်တာ ၇၀၀ သည် လက်ရှိခုတ်သိမ်းဆဲဖြစ်သည်ကို အစီရင်ခံခဲ့ပါသည်။ ငှက်ပျောစိုက်ခင်းသည် တစ်လလျှင် ငှက်ပျောသီး ပျမ်းမျှ တန်ချိန် ၇၀၀ ခန့် တင်ပို့နေပြီး ၎င်းတင်ပို့မှုမှာ ကွန်တိန်နာ ၃၅ လုံးနှင့် ညီမျှကြောင်း အဓိကအားဖြင့် တရုတ်နိုင်ငံသို့ တင်ပို့နေခြင်း ဖြစ်သည်။ ပမာဏ အနည်းငယ် ကို



တောင်ကိုရီးယားနှင့် ဗီယက်နမ် နိုင်ငံတို့သို့ တင်ပို့လျက်ရှိပြီး၊ တင်ပို့မှုနှင့်အတူ ပြည်တွင်း စားသုံးမှုအတွက်လည်း ဆက်လက်ရောင်းချလျက်ရှိ သည်။ ၂၀၂၁ ခုနှစ်တွင် ကုမ္ပဏီကို စတင်တည် ထောင်ခဲ့ပြီး ၎င်း၏ စုစုပေါင်းမြေ ဟက်တာ ၄,၀၀၀ ကျော်ကို ထုတ်လုပ်မှု

စာ-၁၅ သို့

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၃၇)

## စိုက်ပျိုးမွေးမြူရေး သုတေသနကောင်စီ(အဆက်)

(ယခင်အပတ်မှအဆက်)

ဒေါက်တာမျိုးကြွယ်

**(ဃ) ဩစတေးလျအပြည်ပြည်ဆိုင်ရာစိုက်ပျိုးမွေးမြူရေးသုတေသနဌာန (Australian Centre for International Agricultural Research - ACIAR, Australia)**

ဩစတေးလျအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးသုတေသနအဖွဲ့ (ACIAR - Australian Centre for International Agricultural Research)သည်စိုက်ပျိုး မွေးမြူရေးနည်းပညာ၊ သုတေသနနှင့် နိုင်ငံတကာဖွံ့ဖြိုးရေးကို ပံ့ပိုးရန်အတွက် ဩစတေးလျ အစိုးရမှ ၁၉၈၂ ခုနှစ်တွင် တည်ထောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။ ဤအဖွဲ့သည် နိုင်ငံအပြင်၌ရှိသည့် ဖွံ့ဖြိုးမှုအဆင့်နိမ့်သော နိုင်ငံများတွင် စိုက်ပျိုးရေး သုတေသနများကို ရင်းနှီးမြှုပ်နှံခြင်းကို အသုံးပြု၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ စားသောက်လုံခြုံရေးနှင့် ဆီလျော်သော ထုတ်လုပ်မှုစနစ်များ တီထွင်ဖန်တီးရန် ရည်ရွယ် သည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့ "ACIAR - International" လို့ခေါ်ရခြင်း အကြောင်းရင်းမှာ ACIAR သည် သုတေသနများကို တစ်နိုင်ငံတည်းမဟုတ်ဘဲ အာရှ၊ အာဖရိက၊ အင်ဒို-ပစိဖိတ်ဒေသ စသော ဖွံ့ဖြိုးရေးအဆင့်နိမ့်သော နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် အပြည်ပြည်ဆိုင်ရာအဖွဲ့ "International" လို့ ခေါ်သည်။ ACIAR သည်သုတေသနကို ကိုယ်တိုင်မလုပ်ပါ၊ ထိပ်တန်းတက္ကသိုလ်များ၊ သုတေသနဌာနများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို အလှူရှင် ဩစတေးလျအစိုးရမှငင်း၊ ချမ်းသာသူ တောင်သူ သုတေသနက စပြီး ကွင်းစလန် (Queensland) ပြည်နယ် တောင်သူ များက နည်းပညာ အသစ်၊ မျိုးကောင်းမျိုးသန့်များကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခြင်းဖြင့် ဩစတေးလျ နိုင်ငံ အတွက် တစ်နှစ်လျှင် ဩစတေးလျဒေါ်လာ ၁၀၀ သန်းအထိ တန်ဖိုးဖြစ်ထွန်း အမြတ်ရစေသည်။

### စာရေးသူ၏အတွေးတစ်စ

မြန်မာနိုင်ငံအတွက် "Myanmar Agricultural Science/ Research Council (MAS Council)" လွတ်လပ်သောအဖွဲ့ (Autonomous Organization) ကို တည်ထောင် ခြင်း ဖြင့် မြန်မာ့စိုက်ပျိုးမွေးမြူရေးနယ်ပယ်တွင် သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်း ဖြစ်နိုင်ပါသည်။ နိုင်ငံအချို့တွင်တော့ အမျိုးသား စိုက်ပျိုးမွေးမြူရေးသုတေသနစနစ် (NARS – National Agricultural Research System) ဆိုသည့် နိုင်ငံတစ်နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် တည်ထောင်ထားသည့် အများပြည်သူနှင့် သီးခြားအဖွဲ့အစည်းများ၏ ကွန်ရက်တစ်ခု ဆောင်ရွက်နေပါသည်။ ၎င်းစနစ်သည် နိုင်ငံအတွက် အစားအစာဖူလုံရေး၊ စီးပွားရေး တိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးတို့ကို ဦးတည်သည့်မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုစနစ်

Australian Centre for International Agricultural Research



ဩစတေးလျအပြည်ပြည်ဆိုင်ရာစိုက်ပျိုးမွေးမြူရေးသုတေသနဌာန

သူဌေး တစ်ဦးချင်းစီမှလည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးကုမ္ပဏီများမှလည်းကောင်း ကုန်ကျ စရိတ် ပံ့ပိုးထောက်ပံ့ပေးခြင်းဖြစ်သည်။

ဤကဲ့သို့ နိုင်ငံတကာကို ဦးတည်သောသုတေသနပူးပေါင်းမှုများကနေ သီးသန့် ဩစတေးလျ နိုင်ငံစီးပွားရေးနှင့် အထွေထွေရေးရာတွင် အကျိုးဖြစ်ထွန်းမှုများကို ဖန်တီးပေးနိုင်သည်။ ဤသို့ ဩစတေးလျနိုင်ငံတွင်း တက္ကသိုလ်များ၊ ဇဟိုသုတေသနဌာန (CSIRO) နှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနဌာနများကို ငွေကြေး ပံ့ပိုးခြင်းဖြင့် သိပ္ပံပညာ တိုးတက်ရေးကို မြှင့်တင်ပေးသည်။ ဩစတေးလျလူငယ်သုတေသနပညာရှင် များအတွက် နိုင်ငံတကာအတွေ့အကြုံများစွာရရှိစေသည်။ နိုင်ငံတကာကိုလည်း စိုက်ပျိုး မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများ အကူအညီပေးပြီးသား ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များ၊ ကျန်းမာရေးအန္တရာယ်များ၊ ကူးစက်ရောဂါများ ကဲ့သို့သော ဇီဝလုံခြုံရေး (Biosecurity) အန္တရာယ်များကို တင်းကျပ်စွာ ထိန်းချုပ်နိုင်ရန် သုတေသနများစွာကို ပံ့ပိုးနိုင်သည်။ ACIAR ၏ သုတေသနတချို့မှာ ဩစတေးလျ နိုင်ငံတောင်သူများ အတွက်ပါ အသုံးဝင်သည်။ ဥပမာ- ပဲတီစိမ်းမျိုးစေ့ကောင်းများ ဖန်တီးထုတ်လုပ်နိုင်ခဲ့သည့် "International Mungbean Improvement Network" စီမံကိန်း ကွင်းဆက်တစ်ခုဖြစ်သည်။ သို့သော် နိုင်ငံအတွင်း၊ တက္ကသိုလ်အားလုံး၊ သုတေ သနဌာနအားလုံး၊ အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအားလုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး သုတေသနအကြောင်းအရာများထပ်မနေဘဲ တောင်သူပြဿနာများကို စနစ် တကျ အဖြေရှာဖွေဖော်ထုတ်ခြင်းဖြစ်ပါသည်။ သို့သော် ဝန်ကြီးဌာနအားလုံး၊ တက္ကသိုလ်၊ သုတေသနဌာနအားလုံး ညှိနှိုင်း ပူးတွဲဆောင်ရွက်ပေးနိုင်မည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သီးသန့်တစ်ခုလိုပါသည်။

### အဓိကရည်ရွယ်ချက်များ (Objectives)

(က) နိုင်ငံတစ်ဝန်း စိုက်ပျိုးမွေးမြူရေးသုတေသနများ အားလုံးစုစည်းညှိနှိုင်းခြင်း ဖြင့် သုတေသနများထပ်နေမှုမရှိ၊ ပညာရပ်ဆိုင်ရာသုတေသန (Academic Research) နှင့် အသုံးချသုတေသ (Applied Research) များ ဆက်စပ်ပေးနိုင်ခြင်း၊

(ခ) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်များ အားလုံး (All Universities in Myanmar)၊ သုတေသနဌာနများ အားလုံး (All Research Departments/ Centres)၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များ

စာ-၁၁ သို့

# ကြွဲခင်းများထက် စပါးအထွက်နှုန်း ကောင်းမွန်ခြင်းကြောင့် ၈ တန်းသွားမျိုးစေ့ချကိရိယာအား တောင်သူများ စိတ်ဝင်တစား အသုံးပြုလျက်ရှိ




မြောင်းမြ၊ စက်တင်ဘာ ၁၁

လယ်ယာလုပ်ငန်းခွင်တွင် ကြုံတွေ့ရလျက်ရှိသည့် လယ်ယာလုပ်သား ရှားပါးမှုကို ဖြေရှင်းပေးနိုင်ရေး၊ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းမှု ပိုပြင်စွာဆောင်ရွက်နိုင်ရေး အတွက် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာလုပ်ငန်းသုံး စက်ကိရိယာ ထုတ်လုပ်မှု နှင့် သုံးစွဲမှုတိုးတက်ရေး အတွက် စက်တင်ဘာ ၁၁ ရက်နေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ကွင်းဆင်းစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် သည် မြောင်းမြစက်မှုဇုန်ရှိ ဒီရောစက်မှုလက်မှုအလုပ်ရုံ က ထုတ်လုပ်လျက်ရှိသည့် ၈ တန်းသွားမျိုးစေ့ချကိရိယာအား အသေးစိတ်ကြည့်ရှုစစ်ဆေးစဉ် မျိုးစေ့ကုန်ချမှုသက်သာ၍ ကြွဲခင်းပပျောက်စေရန် နှင့် အချိန်တိုအတွင်းစိုက်ပျိုးနိုင်စေပြီး စပါးအထွက်နှုန်း ကောင်းမွန်စေသည့် မျိုးစေ့ချကိရိယာကို တောင်သူများ ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

၈ တန်းသွားမျိုးစေ့ချကိရိယာ အသုံးပြု၍ စိုက်ပျိုးရာတွင် စိုက်ခင်းလယ်မျက်နှာပြင် ညီညာရန် လိုအပ်ပြီး မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ ကောက်ကွက် ပြည့်မီအောင် စိုက်ပျိုးနိုင်ခြင်း၊ အချိန်တိုအတွင်း ဧကများစွာ စိုက်ပျိုးနိုင်သဖြင့် ရာသီဥတုပြောင်းလဲလာချိန်တွင် အချိန်မီ အခါမီစိုက်ပျိုးနိုင်ခြင်း၊ ကြွဲခင်းများထက် စပါးအထွက်နှုန်း ကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့် တောင်သူများ စိတ်ဝင်တစား အသုံးပြုလျက်ရှိကြောင်း သတင်းရရှိသည်။

MOALI

စာ-၁၀ မှ

(International Development Partners) များအားလုံးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အကျိုးရှိသုတေသနများ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊

(ဂ) တစ်နိုင်ငံလုံးရှိ စိုက်ပျိုးရေးသုတေသနရလဒ်များကို တောင်သူသုံးနိုင်ရန် နည်း ပညာ အကူအညီ ပေးနိုင်ခြင်း၊

(ဃ) အစားအစာအာဟာရ ဘေးကင်းလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် မြေဆီ လွှာပျက်စီး၊ ဆုံးရှုံးမှုများကို ရှောင်ကြဉ်ရန် သိပ္ပံအခြေပြုဖြေရှင်း နည်းများ ဖော် ထုတ်နိုင်ခြင်း၊

(င) မြန်မာ့စိုက်ပျိုးမွေးမြူရေးပညာများအတွက် အရည်အချင်း ပြည့်ဝသော ပညာ ရှင်များ ဖွံ့ဖြိုးရေး ပံ့ပိုးပေးနိုင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ပါသည်။

ယခင်က စိုက်ပျိုး၊ မွေးမြူရေးနှင့် သစ်တောပညာရပ်များ အကယ်ဒမီ (Myanmar Academy of Agriculture, Livestock and Forestry) ရှိခဲ့ဖူးပါသည်။ ဤအဖွဲ့အစည်းမှာ ၂၀၁၁ ခုနှစ် တွင် ဖျက်သိမ်းသွားခဲ့ပါသည်။ စာရေးသူ အမျိုးသားပညာရေး မူဝါဒကော်မရှင် (NEPC -National Education Policy Commission) အဖွဲ့ တွင်တာဝန် ထမ်းဆောင်ခဲ့စဉ်ကလည်း ဥပဒေအရ ပြည်ထောင်စုလွှတ်တော်သို့ ၆ လတစ်ကြိမ် တိုက်ရိုက်အစီရင်ခံခြင်းဖြင့် ပညာရေးဆိုင်ရာ အကြံပြုချက်များ လွတ်လပ်စွာ၊ ပွင့်လင်းမြင်သာစွာ၊ တင်ပြခဲ့ရ ပါသည်။

(ခေတ်မီစိုက်ပျိုးမွေးမြူရေးပညာများ အသုံးပြုပေးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နိုင်ပါ စေရန် ဆုတောင်းပေးလျက်)

(ဆက်လက်ဖော်ပြပါမည်)

ဒေါက်တာမျိုးကြွယ်

စာ-၄ မှ

ရေးနှင့် သမဝါယမဝန်ကြီးဌာနနှင့် GACC တို့အကြား လက်မှတ်ရေးထိုးခဲ့ကြောင်း၊ သတ်မှတ်ထားသော လမ်းကြောင်းများမရှိဘဲ တတိယနိုင်ငံများမှတစ်ဆင့် သစ်သီးဝလံများကို သယ်ယူပို့ဆောင်နိုင်ရန် ခွင့်ပြုထားကြောင်း၊ ထပ်မံစစ်ဆေးရေး စခန်းများကို နှစ်နိုင်ငံအကြား သဘောတူညီမှုဖြင့် ထည့်သွင်းနိုင်ကြောင်းဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ထိုင်းသစ်သီးသစ်ရွက်များကို တရုတ်နိုင်ငံသို့ ပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၆ ဘီလီယံကျော်မည်ဟု ခန့်မှန်းထားပြီး တရုတ်နိုင်ငံသည် ထိုင်း၏ အကြီးဆုံးသစ်သီးပို့ကုန်ဈေးကွက်ဖြစ်နေဆဲဖြစ်သည်။ စစ်ဆေးရေးစခန်းအသစ် ၅ ခုထပ်မံထည့်သွင်းခြင်းသည် ထိုင်းလယ်ယာကုန်သွယ်မှုတန်ဖိုးကို တိုးမြှင့်စေပြီး ရှေ့လာမည့်နှစ်များအတွင်း ဈေးကွက်ဝင်ရောက်နိုင်မှုကိုတိုးချဲ့နိုင်မည်ဖြစ်သည်။

TTP

AgribizNews ဝက်ဘ်ဆိုက်နှင့် e-Paper တို့တွင်

ကြော်ငြာများ ထည့်သွင်းနိုင်ပါပြီ

ဆက်သွယ်ရန်
၀၆၇-၃၄၁၀၆၁၁၆
(e-government ဌာနခွဲ)

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊
ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် တို့ကို လိုက်နာကျင့်သုံးပါ။




၁၀-၉-၂၀၂၅ ရက်နေ့ ကောက်ယူစျေးနှုန်းများဖြစ်ပါသည်။

## ဆန်စျေးကွက်

ယခုရက်သတ္တပတ်အတွက် ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း) တွင် ထုတ်ပြန်ထားသည့် ဆန်စျေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန်အဟောင်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၅၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်း ဆန်အသစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အဟောင်း အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၂၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်း ဖြင့်လည်းကောင်း၊ ဧည်ယာဆန်အသစ်အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၅၅၀၀၀ကျပ် နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၃၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း အကြမ်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၁၀၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန်အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၆၃၀၀၀ ကျပ်နှုန်း နှင့် အောက်စတစ်အိတ်လျှင် ၆၁၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်းရောင်းဝယ်လျက် ရှိကြသည်။ ဆန်ဟောင်းလက်ကျန် နည်းလာချိန်ဖြစ်သော်လည်း နယ်ကျော်၍ သယ်ဆောင်မှုနည်းခြင်း၊ ဒေသတွင်း ဝယ်လိုအားနည်းခြင်း၊ လှောင်စပါးများ စျေးကျနေခြင်းကြောင့် ရောင်းလိုအား များခြင်း၊ လတ်တလောကြိတ်ခွဲထားသော ဆန်ဟောင်းကြိတ်သစ်များလည်း စျေးကွက်သို့ ကုန်အဝင်ရှိခြင်း၊ ဆန်သစ်အချို့ စျေးကွက်သို့ ဝင်ရောက်လာချိန်ဖြစ်ခြင်းကြောင့် ဆန်ဟောင်း လက်ကျန်များအား ရောင်းလိုအားများခြင်း၊ ဆန်သစ်များမှာလည်း အစိုဓာတ်ရှိနေသေးခြင်းနှင့် ရောင်းလိုအားများခြင်းတို့ စျေးကွက်အတွင်း၌ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ အထက်ပါအခြေ အနေများကြောင့် ယခင်လစျေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ရွှေဘိုပေါ်ဆန်း၊ ဖျာပုံပေါ်ဆန်း၊ ပေါ်ကျွဲ၊ ငစိန်စသော ဆန်အမျိုးအစားများမှာ ယခင်လ၏ ဆန်စျေးနှုန်းများအတိုင်း ယခုစက်တင်ဘာ ဒုတိယရက်သတ္တပတ်တိုင်အောင်တည်ငြိမ်နေခဲ့ကြောင်းသိရသည်။ဆန်သစ်အဝင်ရှိသောဧည့်မထ၊ ဧည်ယာအမျိုးအစားများမှာ ယခင်လထက် စျေးနိမ့်ခဲ့ပြီး စက်တင်ဘာ ဒုတိယရက်သတ္တပတ်တိုင် အောင်ပင် ဖော်ပြပါ စျေးနှုန်းများအတိုင်း စျေးအနိမ့်တွင်တည်ငြိမ်နေခဲ့ခြင်းဖြစ်သည်။ ပြည်ပပို့ ဆန်စျေးကွက်တွင်လည်း အိမ်နီးချင်းနိုင်ငံများ၏ ဆန်ဟောင်းလက်ကျန် များကာ ရောင်းလိုအားများခြင်းနှင့် ဆန်သစ်ပေါ်ချိန်နီးလာခြင်းကြောင့်လည်းကောင်း၊ ဝယ်လက် များမှာလည်း စျေးထပ်မံအကျကို စောင့်ကြည့်ကာ ဝယ်လိုအားနည်းနေ သေးခြင်းကြောင့်လည်းကောင်း အရောင်းအဝယ်အေးကာ အိန္ဒိယနှင့်ထိုင်းဆန်စျေးများ စျေးနိမ့်လျက်ရှိသည်။ အလားတူ မြန်မာ့ပြည်ပပို့ ဆန်စျေးနှုန်းများမှာ ပြည်ပတင်ပို့မှုရှိသော်လည်း စျေးအနိမ့်တွင် တည်ငြိမ်လျက်ရှိသည်။ တရုတ်၊ ဖိလစ်ပိုင်၊ မဒါဂက်စကာ၊ စပိန်၊ ပိုလန်စသော နိုင်ငံပေါင်း ၂၀ ကျော်သို့ ပုံမှန်တင်ပို့လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်းတို့မှလည်း သင့်တင့်မျှတသော စျေးနှုန်းများဖြင့် ဆန်ချော၊ ဆန်ကြမ်းများအား ကားဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။ ရန်ကုန် စျေးကွက် သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊ လပွတ္တာ၊ ရွှေဘို ဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်းစျေးကွက်

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့အကောက်ခွန်လွတ်တင်သွင်းခွင့်ကာလကုန်ဆုံးခြင်းကြောင့်လည်းကောင်း ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေများနှင့်အတူ ကမ္ဘာ့ရွှေစျေးနှင့် နိုင်ငံခြားငွေလဲနှုန်းမတည်ငြိမ်မှုများကြောင့်လည်းကောင်း၊ သွင်းကုန်အခွန် ဖြေလျှော့ရေး ညှိနှိုင်းမှုအဖြစ် ထိုင်းနိုင်ငံသည် အမေရိကန်ပြောင်းများအား တန်ချိန်တိုးမြှင့် ဝယ်ယူမည်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ နယ်စပ်ဂိတ်များမှလည်း ကုန်စည်စီးဆင်းမှု မရှိခြင်းကြောင့်လည်းကောင်း၊ မြန်မာပြည် တွင်းပြောင်းစျေးမှာ ရောင်းလိုအားများခြင်း၊ အရောင်းအဝယ်အေးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ဆက်လက်စျေးနိမ့်လာခဲ့သည်။ ဇွန်လတတိယ ရက်သတ္တပတ်၏ စျေးနှုန်းဖြစ်သော ၉၅၀၄၀ ကျပ်မှ စတင်စျေးနိမ့်ခဲ့ပြီး ဩဂုတ်လကုန်တွင် ၈၈၅၆၀ ကျပ်သို့ ရောက်ရှိစျေးနိမ့်ခဲ့သည်။ ဆက်လက်၍ စက်တင်ဘာ ပထမရက်သတ္တပတ်တွင် ၈၆၉၄၀ ကျပ်သို့ ပြောင်းလဲ စျေးနိမ့်လာကာ ယခု ရက်သတ္တပတ် စျေးနှုန်းမှာ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှစျေးနှုန်းမှာ ၈၄၇၈၀ ကျပ်သို့ရောက်ရှိ စျေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ ဤအခြေအနေအတိုင်းသာ ဆက်လက်ဖြစ်ပေါ်ပါက ထိုင်းနှင့်ပတ်သက်သော မြန်မာပြောင်းစျေးကွက်သည် အချိန်အတော်ကြာငုပ်လျှိုးနေနိုင်ကြောင်းနှင့် ထိုင်းနိုင်ငံ၏ အကောက်ခွန်လွတ်ပြန်လည်တင်သွင်းဖြစ်သော ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီတွင်လည်း ပြောင်းစျေးတက်လာနိုင်ခြေမရှိသေးကြောင်း ကုန်သည်များက သုံးသပ် ထားကြသည်။

## စားဖိုဆောင်သီးနှံစျေးကွက်

ကြက်သွန်နီ ကုန်အဝင်နည်းလာခြင်းနှင့်စိုက်ပျိုးထွက်ရှိရာဒေသများတွင် ပစ္စည်းအလုရှားလာခြင်း၊ စားသုံးသူများမှ အသေးစ၊ အလတ်စ များကိုသာ ဝယ်ယူမှုများခြင်း၊ ကြက်သွန်နီ(ထူး)အားဝယ်လိုအားနည်းနေခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ကြက်သွန်နီ(ထူး) မှာ ယခင်အပတ်ထက် စျေးနိမ့်ခဲ့ပြီး အလတ်စနှင့် အသေးစမှာ အနည်းငယ် စျေးမြင့်လာခဲ့သည်။ ကြက်သွန်နီ(ထူး၊ လတ်၊ သေး) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ စျေးနှုန်းမှာ ၁၃၆၃-၁၀၈၈-၇၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်စျေးနှုန်းမှာ ၁၃၅၀- ၁၁၈၈-၇၇၅ ကျပ်ဖြစ်သည်။ ကြက်သွန်ဖြူ (ကြူကုတ်)မှာ စျေးကွက်အတွင်း ကုန်အဝင်နည်းကာ ပစ္စည်းပြတ်လပ်ခဲ့ပြီးနောက် ကုန်အဝင်ပြန် ရှိလာခြင်းကြောင့် ယခင်အပတ်ထက်စျေးနိမ့်လာခဲ့သည်။ကြက်သွန်ဖြူ(ရှမ်း)မှာလည်း ကုန်အဝင် အနည်းငယ်ပိုလာခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားနည်းလာခြင်းတို့ကြောင့် ယခင်အပတ်ထက် အနည်းငယ်စျေးနိမ့်လာခဲ့သည်။ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှစျေးနှုန်းမှာ ၁၉၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်စျေးနှုန်း ၁၆၀၀၀ ကျပ်သို့လည်းကောင်း၊ ကြက်သွန်ဖြူ(ရှမ်း)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှစျေးနှုန်း ၅၅၀၀ ကျပ်ဖြစ် ပြီး ယခုအပတ်စျေးနှုန်း ၅၃၀၀ ကျပ်သို့လည်းကောင်း အသီးသီး ရောက်ရှိစျေးနိမ့်ခဲ့ကြသည်။ အာလူး(တရုတ်)မှာ ကုန်အဝင်မရှိခြင်းကြောင့် စျေးနှုန်းကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။အာလူး(ရှမ်း)မှာ စျေးကွက်သို့ ကုန်အဝင်နည်းသော်လည်း အစိုဓာတ်များခြင်း၊ အရွယ်အစားသေးခြင်းတို့ကြောင့် ယခင်အပတ်ထက် စျေးနိမ့်လာခဲ့သည်။ အောင်ပန်းဒေသထွက် အာလူး(S1- OK-A1 )တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှစျေးနှုန်းမှာ ၆၀၀၀-၅၀၀၀-၄၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်စျေးနှုန်းမှာ ၅၀၀၀-၄၀၀၀-၃၀၀၀ ကျပ်ဖြစ်သည်။ ငရုတ်ခြောက်(ရှည်၊ လတ်၊ ပွ) စျေးနှုန်းများမှာ စျေးကွက်အတွင်း ကုန်အဝင်ပုံမှန်ရှိသော်လည်း ငရုတ်စိုများလည်း လှိုင်လှိုင်ပေါ်ချိန်ဖြစ်ခြင်းကြောင့် ဝယ်လိုအားနည်းကာ ယခင်အပတ်စျေးနှုန်းများဖြင့်ပင် စျေးငြိမ်ခဲ့ခြင်းဖြစ်သည်။ တစ်ပိဿာလျှင် ပျမ်းမျှစျေးနှုန်းမှာ ၉၂၅၀-၁၁၅၀၀-၁၈၅၀၀ ကျပ်ဖြစ်သည်။

## စားသုံးဆီစျေးကွက်

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ကုန်ဆုံးသောကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းစျေးနှုန်းမှာ ၆၅၂၀ ကျပ်ဖြစ်သည်။ ယခင် အပတ်စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၁၁၀ ကျပ်နှုန်း စျေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ဟင်းသီးဟင်းရွက်ဆီ အဓိကဝယ်ယူတင်သွင်းသော အိန္ဒိယနိုင်ငံသည် ပွဲတော်ကာလ စားသုံးမှု အတွက် ဝယ်ယူမှုအပြင် ပုံမှန်စားသုံးမှုများအတွက်ပါ အမြောက်အများဝယ်ယူတင်သွင်းမှု ရှိခဲ့ခြင်းကြောင့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံများ၏ ဆီလက်ကျန်နည်းကာ စျေးနှုန်းများ လည်း မြင့်လာခြင်းဖြစ်ကြောင်း သိရသည်။

အေးသန္တာဝင်း

## ဆန်ဈေးကွက်

မန္တလေးဈေးကွက်တွင် ဆန်ဈေးနှုန်းအနေဖြင့် ရန်ကုန်ပေါ်ဆန်း၊ ငစိန်နှင့် ဧယာဆန်တို့မှာ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ဝင်ရောက်ပြီး အဝင်ပုံမှန် မြို့တွင်းသုံးပုံမှန် စားသုံးမှုပုံမှန်ရှိခြင်းကြောင့် ရန်ကုန် ပေါ်ဆန်းတစ်အိတ် ၁၂၅၀၀၀ကျပ်၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ၁၅၀၀၀၀ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။ ငစိန်ဆန်မှာ နွေစပါးအသစ်များ ဝင်ရောက်မှု ရှိပြီး၊ နယ်ဝေးတင်ပို့ရမှုမရှိဘဲ မြို့တွင်း လုပ်ငန်းသမား အဝယ်ပုံမှန်သာရှိခြင်းကြောင့် တစ်အိတ် ၆၄၀၀၀ကျပ် မှ ယခုအပတ် ၆၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ဧယာဆန်မှာမူ အဟောင်းလက်ကျန်နည်းခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် ယခင်အပတ် ၉၂၀၀၀ကျပ်မှ ၉၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး အသစ်မှာ အဝင်နည်းခြင်းကြောင့် အကောင်းဆုံးတစ်အိတ် ၆၅၀၀၀ကျပ်မှ ၇၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

မနောသုခဆန်မှာ အဟောင်းလက်ကျန်ပစ္စည်းရှားသွားပြီး အသစ်များကိုသာ စားသုံးရန် ဝယ်ယူမှုများ ခြင်းကြောင့် တစ်အိတ် ၇၂၀၀၀ကျပ်မှ ၇၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ဧရာမင်းဆန်းမှာ အဝင်ပုံမှန် မြို့တွင်းသုံးပုံမှန်ရှိခြင်း ရုံဖန်ရုံခါ လမ်းပန်းဆက်သွယ်ရေးအခြေအနေ အရ မန္တလေးဝန်းကျင်နှင့် မိုးမိတ်၊ ရွှေကူသို့ အမှာတင်ပို့ရမှုရှိခြင်းကြောင့် ယခင်အပတ် တစ်အိတ် ၁၂၅၀၀၀ကျပ်မှ ၁၃၃၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## ဆီထွက်သီးနှံနှင့် စားသုံးဆီဈေးကွက်

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ဆီထွက်သီးနှံများအနက် မြေပဲ(လုံးဆန်)မှာ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိသော်လည်း ဆောင်းလက်ကျန်မှာ လှောင်သမားထံမှ ဝယ်ရခြင်း၊ မိုးမြေပဲဝင်ရောက်မှုနည်းသေးခြင်းကြောင့် ၁၀၀ပိဿာ အရည်အသွေးပေါ်မူတည်၍ အရည်အသွေးအကောင်းဆုံး ၇၅၅၀၀၀ ကျပ်မှ ၇၆၀၀၀၀ ကျပ်သို့လည်းကောင်း မြင်းမူဆန်မှာ ၇၇၀၀၀၀ကျပ်၊ နွားထိုးလုံးဆန် ၈၁၀၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ မြေပဲ(ဆီဆန်)မှာလည်း ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်း ဆောင်းလက်ကျန်နည်း ခြင်း လှောင်သမားထံမှ ဝယ်ရခြင်း၊ မိုးမြေပဲဝင်ရောက်ချိန်နီးခြင်းကြောင့် တပ်ကုန်းဆန် အရည်အသွေးအကောင်းဆုံး ၁၀၀ ပိဿာ ၆၈၀၀၀၀ ကျပ်မှ ၆၈၅၀၀၀ ကျပ်သို့ ဈေးမသိမသာ မြင့်သွားပြီး၊

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၀-၉-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




နွားထိုးဆန် အကောင်းဆုံး ၁၀၀ပိဿာ ၇၃၀၀၀၀ကျပ်မှ ၇၆၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

နှမ်းမျိုးစုံဈေးနှုန်းအနေဖြင့် မိုးနှမ်းစတင်ဝင်ရောက်မှုရှိသော်လည်း အဝင်နည်းသေးခြင်း လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် နှမ်းဖြူ ၄၅ ပိဿာ အရည်အသွေးအကောင်းဆုံး ၂၇၅၀၀၀ကျပ်မှ ၂၈၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းညိုမှာလည်း မိုးနှမ်းအဝင်နည်းသေးခြင်း ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၄၅ ပိဿာ ၂၆၅၀၀၀ ကျပ်မှ ၂၇၅၀၀၀ကျပ်သို့ ဈေးမြင့်နေသည်။ နှမ်း နက်မှာမူ ပြည်ပပို့ရန်အဝယ်ရှိသော နှမ်းအမျိုးအစားဖြစ်ခြင်းကြောင့် အက်ဆစ်ပါဝင်မှုကို စမ်းသပ်၍ အက်ဆစ်ပါဝင်မှုပေါ်မူတည်၍ အက်ဆစ်ပါဝင်မှုအနည်းဆုံး ၇၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မိုးနှမ်းကြားများလည်း ဝင်ရောက်မှုရှိပြီး ၄၅ ပိဿာ ၂၈၅၀၀၀ကျပ်ဖြင့် ဆီစက်သမား ဝယ်ယူမှုရှိသည်။ ပန်းနှမ်းဈေးနှုန်းမှာ အထွက်နည်း၊ အဝင်နည်း၊ ပစ္စည်းရှားသော် လည်း ရောဆီအထွက်စက်သမား၊ ပရဆေးသမား လက်လီသမားအဝယ်နည်းခြင်းကြောင့် ယခင်အပတ် ၄၅ ပိဿာ ၃၃၀၀၀၀ ကျပ်မှ ၂၉၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

နေကြာဈေးနှုန်းအနေဖြင့် မိုးနေကြာ ဝင်ရောက်မှုရှိခြင်း၊ ဆီစက်သမားအဝယ်နည်းခြင်း၊ အရည်အ သွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် အရည်အသွေးအညံ့ဆုံး ၂၇ ပိဿာ ၁၆၀၀၀၀ကျပ်မှ အကောင်း ဆုံး ၁၈၀၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။ ဆီဈေးနှုန်းအနေဖြင့် ပဲဆီနှင့်နှမ်းဆီကိုသာ ရောင်းဝယ်မှုများပြီး ပဲဆီ ၁ ပိဿာ ၁၄၀၀၀ မှ ၁၅၀၀၀ကျပ်၊ နှမ်းဆီ ၁ ပိဿာ ၁၂၅၀၀ကျပ် ဈေးရှိကြောင်းသိရသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

မန္တလေးကိုင်းတန်းဈေးတွင် ငရုတ်ခြောက်(ရှည်)မှာ သာစည်၊ ပျော်ဘွယ်၊ ကျောက်ဆည်၊ ကူမဲတို့မှ အဝင်မရှိသေးခြင်း၊ ရန်ကုန်ဘက်မှဝင်သော အသီးများသာရှိခြင်းကြောင် တစ်ပိဿာ ၉၀၀၀ကျပ်မှ ၁၂၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ငရုတ်ခြောက်(ပွ)မှာ ဧရာဝတီ Air con ပွများဖြစ်၍ အဝင်များ အရောင်းအဝယ်အေးခြင်းကြောင့် တစ်ပိဿာ ၂၅၅၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ကြက်သွန်နီဈေးကွက်းမှာ မြစ်သား၊ မုံရွာ၊ နယ်စုံကြက်သွန်များ အဝင်များခြင်း၊ လမ်းပန်းဆက်သွယ် ရေးအရ နယ်ဝေးတင်ပို့ရမှုနည်း၍ ကြီး တစ်ပိဿာ ၁၅၀၀ကျပ်၊ လတ်တစ်ပိဿာ ၁၂၀၀ကျပ် ဈေးဖြင့် တည်ငြိမ်နေပြီး သေးတစ်ပိဿာ ၈၀၀ ကျပ်မှ ၆၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်ပုံမှန်မရှိခြင်းကြောင့် တစ်ပိဿာ ၁၄၀၀၀ကျပ်မှ ၁၆၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေပြီး ကြက်သွန်ဖြူ(ရှမ်း) အရည်အသွေးပေါ်မူတည်၍ တစ်ပိဿာ ၃၀၀၀ကျပ်မှ ၇၀၀၀ကျပ်ထိ အရည်အသွေးပေါ်မူတည် ရောင်းချနေသည်။

ကြက်သွန်ဖြူ(မြန်မာ)မှာ လက်ကျန်များသာဝင်ရောက်ခြင်း၊ ပစ္စည်း ရှားခြင်းကြောင့် အရည်အသွေး ပေါ်မူတည်ပြီး အညံ့ဆုံးတစ်ပိဿာ ၉၀၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းချမှုရှိသည်။

အာလူးမှာ တရုတ်အာလူးများဝင်ရောက်မှုမရှိဘဲ ဒေသသီးများသာ အောင်ပန်းဘက်မှဝင်ရောက်ခြင်း အဝင်နည်းခြင်းကြောင့် မြို့တွင်းစားသုံးမှုသာရှိသော်လည်း တစ်ပိဿာ ၇၅၀၀ ကျပ်ထိ ဈေးမြင့်နေသည်၊

ချင်းဈေးနှုန်းနေဖြင့် အောင်ပန်းမှ ချင်းဆစ်များဝင်ရောင်မှုရှိခြင်း အစိုဓာတ်ပါဝင်မှုကြောင့် တစ်ပိဿာ ၂၀၀၀ကျပ်၊ ချင်းဟောင်းတစ်ပိဿာ ၃၅၀၀ကျပ်ဖြင့် ချင်းထိုးသမား လက်လီသမား ပုံမှန်ဝယ်ယူမှုရှိသည်။

## ပဲမျိုးစုံဈေးကွက်

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ပဲမျိုးစုံတို့အနက် မတ်ပဲဈေးနှုန်းမှာ အဝင်ပုံ မှန်ရှိပြီး ရန်ကုန်ဝယ်လက်နည်းခြင်းကြောင့် ကျောက်ရစ်ပဲ ၃တင်းတစ်အိတ် ၂၈၀၀၀၀ကျပ်မှ ၂၇၀၀၀၀ကျပ် သို့ ဈေးမသိမသာနိမ့်သွားပြီး အညာပဲများမှ ပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုရှိခြင်း၊ အဝင်နည်းသွားခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၃တင်းတစ်အိတ် ၂၀၀၀၀၀ကျပ်မှ ၂၅၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲတီစိမ်း(အညာ)မှာ ပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးကြောင့် အဝေးတင်ပို့ရန် အဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် အရည်အသွေးအကောင်းဆုံး ၃၀၅၀၀၀ကျပ်မှ ၃၁၀၀၀၀ကျပ် သို့ ဈေးမသိမသာမြင့်သွားသည်။ ခြံများတွင် စိုက်သောပဲများလည်း ဝင်ရောက်ပြီး မိုးပဲအဝင်နည်းသေးခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် အနိမ့်ဆုံး ၃တင်းတစ်အိတ် ၁၇၀၀၀၀ကျပ်မှ အကောင်းဆုံး ၂၆၅၀၀၀ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ခွဲစက်များဝယ်ယူမှုရှိသည်။

ပဲစင်းငုံ(ဖြူ/နီ)တို့မှာ ရန်ကုန်ဝယ်လက်နည်းခြင်း ပဲခွဲစက်များအဝယ်နည်းခြင်းကြောင့် ပဲစင်းငုံ(နီ) ၃တင်းတစ်အိတ် ၂၃၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲစင်းငုံ(ဖြူ)မှာ လက်ကျန်များ အရောင်းအဝယ်အေးခြင်းကြောင့် ၂၃၂၀၀၀ကျပ်မှ ၂၂၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

ပဲပုတ်(ရှမ်း/မြန်မာ)တို့မှာ မိုးပဲမဝင်သေးသော်လည်း အဝေးတင်ပို့ရမှုနည်း၍ လက်ကျန်များခြင်း၊ လုပ်ငန်းသမားပုံမှန်ဝယ်ယူမှု ရှိခြင်းကြောင့် ၃တင်း တစ်အိတ် ၃၇၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲပုတ်(ရှမ်း)မှာ မိုးပဲမဝင်သေးခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်း၊ ဆောင်းလက်ကျန်နည်း၍

စာ-၁၅ သို့

## သဘာဝကပေးအစာနှင့်ဆေး

# မိုးနံ့ပင်

ငယ်စဉ်ကလေးဘဝက အရွက်ကိုလိပ်ပြီး "ဗီဗီ" မှုတ်တမ်းကစားခဲ့ကြသော မိုးနံ့ပင်ကို မိုးနံ့ပင်ဟုလည်း ခေါ်ဆိုကြပြီး ယင်း၏ အင်္ဂလိပ်အမည်မှာ Bee-sting Bush ဟု ခေါ်ဆိုကြသကဲ့သို့ Needle Bush, Stink Bush နှင့် Four-thorns ဟုလည်း ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Azima tetracantha ဖြစ်ပြီး မျိုးရင်း Salvadoraceae တွင် ပါဝင်၏။

မိုးနံ့ပင်သည် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင် တို့အပါအဝင် အိန္ဒိယတိုက်ငယ်ကဲ့သို့သောဒေသများ၊ အာဖရိကတိုက်ရှိနိုင်ငံများတွင် သဘာဝအလျောက်ပေါက်ရောက်တတ်သော အပင်မျိုးဖြစ်၏။ ထို့ပြင် ဆိုမာလီယာနှင့် ယူဂန်ဒါမှ တောင်အာဖရိကနှင့် မဒါဂတ်စကာအထိ အာဖရိက၏ ဒေသအနှံ့တွင် တွေ့ရှိရသည့် အပင်မျိုးဖြစ်၏။

မိုးနံ့ပင်သည် အပူပိုင်းရာသီဥတုရှိသည့်ဒေသများတွင် မြေအမျိုးအစားမရွေး သဘာဝအတိုင်း ပေါက်နိုင်သော အပင်မျိုးဖြစ်၏။ မြန်မာနိုင်ငံတွင်လည်း အညာဒေသနှင့် မိုးနံ့ပင်သည် ခွဲခြားမရနိုင်ဆိုသည့်အတိုင်း အညာသူအညာသား များအတွက် မိုးနံ့ပင်မှာ အကျွမ်းတဝင်ရှိလှ၏။ ငယ်စဉ်အချိန်က မိုးနံ့သီးကို မနှစ်သက်သော်လည်း သကြံန်ချိန်ခါတွင် ရောဂါဘယကင်းစေရန် ဟူသော အယူအဆကြောင့် လည်းကောင်း၊ ကျောက်ရောဂါကို ကာကွယ်ပေးနိုင်သည်ဟူသော ယုံကြည်ချက်နှင့် အမေကျွေးသည့် မိုးနံ့သီး ၉ လုံးကို တစ်ကြိမ်လျှင် ၃ လုံးနှုန်းဖြင့် တဆက်တည်း ၉ လုံးစားခဲ့ရသည် ဟူသော ဆရာကြီး ဦးသက်နိုင်ဦး၏ ဆောင်းပါးတွင် ဗဟုသုတမှတ်စရာအဖြစ် ဖတ်ရှုခဲ့ဖူး၏။ စာရေးသူလည်း မိုးနံ့ရွက်နုဖူးညွန့်များကို အညာဒေသမှ ဆွေမျိုးများကြောင့် ယင်း၏ ဆေးဖက်ဝင်ကြောင်း သိခဲ့ရပြီး အင်တာနက်မှ ရှာဖွေဖတ်ရင်း ယင်း၏ အာဟာရတန်ဖိုးနှင့် ဆေးဖက်ဝင်ပုံကို သိရှိခဲ့သမျှကို မျှဝေလိုက်ရခြင်းဖြစ်၏။

မိုးနံ့ပင်သည် ဆူးများပြီး လူတစ်ရပ်အမြင့်ခန့်ရှိသော ချုံပင်အမျိုး အစားဖြစ်၏။ အရွက်များမှာ မာကြော ပြောင်လက်နေပြီး ရွက်ဆိုင်ထွက်၏။ ကိုင်းဖြာသောအပင်မျိုးဖြစ်ပြီး မာကျောသောဆူးများစွာရှိ၏။ အလွန်သေးငယ်သော ရွက်စွယ်ပါရှိ၏။ ပန်းပွင့်များမှာ အလွန်




သေးငယ်ပြီး လိင်မစုံဘဲ အဖိုပင် အမပင် သီးခြားစီရှိသည့်အတွက် နှစ်ပင်ပေါင်းလိင်စုံပင်ဟု ခေါ်၏။ အသီးမှာ ဘယ်ရီသီးအမျိုးအစားဖြစ်ပြီး အစေ့ ၁ စေ့မှသည် ၃ စေ့ထိ ပါဝင်၏။ သကြံန်ကာလတွင် အသီးများရင့်မှည့်လာပြီးနောက် အဖြူရောင်ဘယ်ရီသီးများဖြစ်လာကြ၏။

မိုးနံ့ရွက်များတွင် ပရိုတင်း၊ အပင်မှရရှိသော ဖက်တီးအက်စစ်ပါဝင်သည့် အဆီဓာတ်၊ ကာဗိုဟိုက်ဒရိတ်တို့နှင့်အတူ သတ္တုဓာတ်များဖြစ်သည့် ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ ဖော့စဖရပ်စ်၊ အိုင်းယွန်း၊ ဇင့်ခ်၊ ကော့ပါးနှင့် မဂ္ဂနီဆီယမ်တို့ကြွယ်ဝစွာပါဝင်၏။ ထို့အပြင် ကျန်းမာရေးအကျိုးကျေးဇူးများပေးစွမ်းနိုင်သော ဗီတာမင်စီ ascorbic acid နှင့်အတူ အခြားသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်း ပါဝင်၏။ မိုးနံ့စေ့ဆီတွင် oleic နှင့် linoleic acid အပါအဝင် ဖက်တီးအက်ဆစ်များ ပါရှိပြီး ယင်းကို စားသုံးနိုင်သောဆီ ဖြစ်နိုင်ကြောင်း အကြံပြုထား၏။ မိုးနံ့ရွက်တွင် polyphenols၊ flavonoids၊ saponins၊ terpenoids၊ alkaloids နှင့် glycosides အပါအဝင် ဇီဝဒြပ်ပေါင်းများစွာ ပါဝင်၏။

- ရိုးရာတိုင်းရင်းဆေးပညာရပ်အရ မိုးနံ့ရွက်ကို ဖြည့်စွက်စာအဖြစ် ရှေးယခင်ကတည်းက အသုံးပြုခဲ့ကြပြီး ဒူလာရောဂါ၊ နာတာရှည်ဝမ်းလျှောခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းတို့ အပါအဝင် အမျိုးမျိုးသောရောဂါများ အတွက် ဆေးဝါးအဖြစ် အသုံးပြုခဲ့ကြ၏။
- အဆစ်အမြစ်များ ရောင်ရမ်းနာကျင်ခြင်း၊ ကိုယ်လက်ဖောရောင်ခြင်း၊ အစာအိမ်၏ လုပ်ငန်းဆောင်တာများ မူမမှန်ခြင်းတို့အတွက် မိုးနံ့ပင်ကို ဆေးအဖြစ် အသုံးပြုကြ၏။
- မိုးနံ့ရွက်ကို ဆီးလမ်းကြောင်းဆိုင်ရာ လုပ်ငန်းဆောင်တာများကို အထောက်အကူ ကောင်း ဖြစ်စေသည့် ဆေးအဖြစ် အသုံးပြုကြ၏။
- မိုးနံ့ရွက်တွင် ဗီတာမင်စီကဲ့သို့သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ မြင့်မားစွာပါဝင်ခြင်းကြောင့် ဓာတ်တိုးဆန့်ကျင်မှု တိုက်ဖျက်နိုင်ပြီး ကျန်းမာရေးကို အထောက်အကူပြု၏။
- မိုးနံ့ရွက်တွင် ဓာတ်တိုးခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ ရောင်ရမ်းခြင်းကို ဆန့်ကျင်နိုင်စွမ်းနှင့် ဆီးချိုရောဂါကို ဖြစ်နိုင်ခြေကို ဟန့်တားပေးနိုင်စွမ်းသော ဇီဝဒြပ်ပေါင်းများစွာပါဝင်သည့်အတွက် ဆေးဖက်ဝင်အဖြစ် အသုံးပြုကြ၏။
- မိုးနံ့ပင်တွင် ကင်ဆာရောဂါကို တိုက်ဖျက်နိုင်စွမ်းရှိသည့်အတွက် မိုးနံ့ရွက်ကို ဆေးအဖြစ် အသုံးပြုကြ၏။
- ချောင်းခြောက်ဆိုးနေသူများအတွက် မိုးနံ့ခေါက်ကို သလိပ်ရှင်ဆေးအဖြစ် အသုံးပြုကြ၏။
- ပန်းနာရင်ကြပ်ခြင်း ဝေဒနာရှင်များအတွက် မိုးနံ့ရွက်ကြိတ်ရည်ကို ဆေးအဖြစ် အသုံးပြုကြ၏။
- မိုးနံ့ပင်၏ အမြစ်များကို အဆိပ်ဖြေဆေးအဖြစ် အသုံးပြုကြ၏။
- သွားကိုက်ခြင်း၊ သွားဖုံးတွင် သွေးယိုစီးခြင်းတို့အတွက် မိုးနံ့ပင်မှရသော ပင်ရည်ကို တိုက်ရိုက်အသုံးပြုနိုင်၏။
- နားကိုက်ခြင်းအတွက် မိုးနံ့ရွက်အရည်၊ မိုးနံ့သီးမှည့်အရည်တို့ကို ဆေးအဖြစ် အသုံးပြုကြ၏။

အညာသူ အညာသားများနှင့် မိုးနံ့ပင်မှာ ခွဲခြားမရနိုင်သည့်အတွက် မိုးနံ့ဖူးညွန့်များကို စားလိုသည့်အချိန် အလွယ်တကူခူးဆွတ်စားသုံးလိုက်ရုံမျှသာ။ အောက်ပြည်ရွာနေသူများအတွက်လည်း အညာဒေသထွက်ကုန်များ ရောင်းချသည့် အွန်လိုင်းပေ့ချ်မှမှာယူဝယ်စားနိုင်၏။
- မိုးနံ့ရွက်နုနှင့် အဖူးနုများကို ရေနွေးဖျောပြီး ငရုတ်သီးဆားထောင်း၊ ခရမ်းချဉ်သီးထောင်း၊ ခရမ်းချဉ်သီးပန်ထွေဖျော်၊ ငရုတ်သီးချက် အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။
- ရေနွေးဖျောပြီးသား မိုးနံ့ရွက်နုဖူးလေးများကို နှစ်သက်သလိုလှီးဖြတ်ပြီးနောက် ပါးပါးလှီးထားသော ကြက်သွန်နီ၊ ပါးပါးလှီးထားသော ခရမ်းချဉ်သီးအနည်းငယ်၊ ဆား၊ ဟင်းခပ်မှုန့်အနည်းငယ်၊ ပဲကျက်

စာ-၁၅ သို့



စာ-၉ မှ-

အပြည့်အဝ မလုပ်ဆောင် မီအထိ နှစ်စဉ်နှစ်တိုင်း ဟက်တာ ၁၅၀ နှုန်းဖြင့် ထပ်မံတိုးချဲ့ သွားရန် စီစဉ်ထားသည်။ Kampot ဒေသမှ ငှက်ပျောသီးများသည် ၎င်းတို့၏ ချိုမွှေးသည့် အရသာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန် နေကြောင်း၊ အနာဂတ်တွင် အာရှမှ ဥရောပအထိ ဈေးကွက်တိုးချဲ့လာမည်ဟု ထင်မြင်မိကြောင်း Menghoung ကပြောသည်။

လက်ရှိ ကမ္ဘောဒီးယား-ထိုင်း နယ်နိမိတ် အငြင်းပွားမှုကြောင့် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုသို့မဟုတ် တိုးချဲ့မှုကို ထိခိုက်ခြင်းမရှိဟု ၎င်းက ဆက်လက်ပြောသည်။ တရုတ်နိုင်ငံသည် ထိပ်တန်း ပို့ကုန်နေရာအဖြစ် ဆက်လက်တည်ရှိနေပြီး ထုပ်ပိုးမှုဆိုင်ရာ ပစ္စည်းအများစုမှာ ၎င်းထံမှ ဝယ်ယူနေ ရသည်ဟု ဆိုသည်။

ဒေသဆိုင်ရာ အာဏာပိုင်များ၏ အဆိုအရ Trapeang Phleang ဒေသတွင် Long Met Plantation ကုမ္ပဏီမှ ဟက်တာ ၄၀၀ စိုက်ပျိုးထားပြီး World Tristar Cambodia ကုမ္ပဏီမှ ဟက်တာ ၄,၀၀၀ ကျော် စိုက်ပျိုးထားသည့် ကြီးမားသော ငှက်ပျောစိုက်ခင်းနှစ်ခုရှိသည်။ ၎င်းတို့ ကုမ္ပဏီနှစ်ခုပေါင်းထုတ်လုပ်မှုသည် တရုတ်နိုင်ငံသို့ နှစ်စဉ် ငှက်ပျောသီး တန်ချိန် ၃ သောင်းကျော် တင်ပို့နိုင်သည့်စွမ်းရည်ရှိပြီး လာမည့်နှစ်များတွင် ပမာဏတိုးလာမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

**အေးအေးခိုင်**

https://www.freshplaza.com/asia/article/9761823/cambodia-cavendish-banana-exports-expand-to-china/

စာ-၁၃ မှ

လှောင်သမား ထံမှ ဝယ်ရခြင်းကြောင့် ၃တင်းတစ်အိတ် အရည်အသွေး အကောင်းဆုံး ၂၆၅၀၀၀ကျပ်မှ ၂၈၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ကုလားပဲ(လုံးဖြူကြီး)မှာ အဝင်နည်းလက်ကျန်နည်းပြီး လှောင်သမားထံမှ ဝယ်ရခြင်း၊ လုပ်ငန်း သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ယခင်အပတ် ၂၅၃၀၀၀ကျပ်မှ ၂၅၅၀၀၀ကျပ်သို့ ဈေး မသိမသာမြင့်သွားပြီး လုံးဝါကြီးမှာလည်း လက်ကျန်နည်းပြီး ပဲခွဲစက်များ၊ ပဲကြော်/လှော်လုပ်ငန်းသမားများ ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ၂၃၅၀၀၀ ကျပ်မှ ၂၃၈၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ ကုလားပဲ (ခွဲခြမ်း)မှာ ပဲစိုများအဝင်ရှိခြင်း၊ မိုးတွင်းကာလ အသီးအရွက်ပေါ်ခြင်းကြောင့် လက်ကျန်များပြီး တစ်ပိဿာ ၆၀၀၀ကျပ်မှ ၅၈၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

ပဲယင်းနှင့် စားတော်ပဲ (ကျွန်း)မှာ အဝင်ပုံမှန် လက်လီသမားအဝယ်ပုံမှန်၊ ကြာဇံသမားအဝယ် ပုံမှန်ရှိခြင်းကြောင့် ပဲယင်း ၃တင်းတစ်အိတ် ၂၃၅၀၀၀ ကျပ်မှ ၂၃၃၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး စားတော်ပဲ (ကျွန်း)မှာ ၃တင်းတစ်အိတ် ၆၆၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မြေထောက်ပဲမှာ မုံရွာမှ အပြင် အညာဘက်မှလည်း ဝင်ရောက်ခြင်း၊ ပဲအရည်အသွေးပေါ်မူ တည်၍ ဈေးကွာခြားခြင်း၊ ပဲကြော်/လှော်သမား ပုံမှန်ဝယ်ယူသော်လည်း မုံရွာနှင့် အညာဝင်ရောက်မှု များခြင်းကြောင့် မုံရွာပဲ အရည်အသွေး အကောင်းဆုံး ၂၅၀၀၀၀ကျပ်၊ အညာပဲ ၂၄၀၀၀၀ကျပ်ဖြင့် ရောင်း ဝယ်နေသည်။

ပဲကြီး(ကြီး)နှင့် ထောပတ်ပဲ (ကြီး) မှာ မိုးပဲ အဝင်နည်းသေးခြင်း၊ လုပ်ငန်းသမားအဝယ်ပုံမှန် ရှိခြင်းကြောင့် ပဲကြီး(ကြီး) ၃တင်းတစ်အိတ် ၄၀၀၀၀၀ကျပ်၊ ထောပတ်ပဲ (သေး)မှာ အရောင်းအဝယ် အေးခြင်းကြောင့် တစ်အိတ် ၂၅၀၀၀၀ကျပ်မှ ၂၀၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး ပဲကြီး(သေး)မှာ လက်လီ သမားအဝယ်များခြင်း၊ မိုးပဲမဝင်သေးခြင်းကြောင့် တစ်အိတ် အရည်အသွေးအကောင်းဆုံး ၃၂၀၀၀၀ကျပ်မှ ၃၄၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဈေးကွက်

မန္တလေးကိုင်းတန်းဈေးတွင် သစ်သီးဝလံဈေးနှုန်းအနေဖြင့် ပန်းသီး ၁၈၀လုံးပါ တစ်ဖာ ၂၀၀၀၀၀ကျပ်၊ မုံရွာ ချောင်းဦး၊ ကျောက်ဆည်ဘက်မှ ဖရဲသီးများ အဝင်များပြီး အရည်အသွေးပေါ်မူတည်၍ တစ်လုံး ၁၀၀၀မှ ၃၀၀၀ကျပ်၊ ရှာငံ၊ အောင်ပန်း၊ ပြင်ဦးလွင်မှ ထောပတ်သီး ၁၂၀ လုံးပါ တစ်အိတ် အရည်အသွေးပေါ်မူတည်၍ ၃၀၀၀၀မှ ၄၀၀၀၀ကျပ်၊ ရမည်းသင်း စပျစ်သီး တစ်ပိဿာ ၁၂၀၀၀မှ ၁၅၀၀၀ကျပ်၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မုံရွာတို့မှ သခွားမွှေး၊ ရွှေသခွားမွှေးများ လှိုင်လှိုင်ဝင်ရောက်ပြီး တစ်လုံး ၃၀၀၀မှ ၄၀၀၀ကျပ်၊ နဂါး မောက်သီးများ အဝင်နည်းသွားသဖြင့် ၁၈လုံး ပါ တစ်ဖာ ၃၀၀၀၀ကျပ်ဖြင့် ပြင်ဦးလွင်၊ တန့်ဆည်၊ ပြည်၊ မုံရွာနှင့် အမှာရှိသော မြို့များသို့ တင်ပို့သည်။

ဟင်းသီး/ရွက်အနေဖြင့် ငရုတ်စို (ရှည်)များ သာစည်၊ မိတ္ထီလာတို့မှ ဝင်ရောက်မှုရှိခြင်း၊ အဝေး တင်ပို့ရမှုမရှိဘဲ မြို့တွင်းလုပ်ငန်းသမားအဝယ်သာရှိခြင်းကြောင့် တစ်ပိဿာ ၂၅၀၀ကျပ်၊ ငရုတ်စို(လတ်) များ မုံရွာ၊ ချောင်းဦးမှ ဝင်ရောက်ပြီး တစ်ပိဿာ ၄၀၀၀ကျပ် ဈေးရှိသည်။ ခရမ်းချဉ်(ရှမ်းတောင်) မှာ လည်း အဝင်များဖြင့် နယ်ဝေးတင်ပို့ရမှုမရှိခြင်း၊ မြို့တွင်းသုံးသာရှိခြင်းကြောင့် ၂၀ပိဿာ တစ်သေတ္တာ ၃၀၀၀၀မှ ၄၀၀၀၀ကျပ် ဈေးရှိသည်။

## ဂျုံနှင့် အစေ့ထုတ်ပြောင်းဈေးကွက်

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ဂျုံဈေးနှုန်းများမှာ ငါန်ဇွန်၊ မြင်းမူ၊ မြောင်၊ ဘုတလင်၊ မုံရွာ၊ ဆားတောင် ဂျုံများမှာ ဂျုံစက်များ အဝယ်နည်း အရောင်းအဝယ်အေးခြင်းကြောင့် ၃တင်းတစ်အိတ် ၂၃၅၀၀၀ကျပ်၊ ရှမ်းဂျုံအရည်အသွေး အကောင်းဆုံး ၂၀၅၀၀၀ကျပ်ဖြင့် တည်ငြိမ်နေပြီး ကလေးဂျုံနှင့် အထွက်တိုးဂျုံမှာ အရောင်းအဝယ်ဖြစ်မှုနည်းခြင်း ကြောင့် ၂၀၀၀၀၀ကျပ်မှ ၁၉၅၀၀၀ကျပ်သို့ မသိမသာဈေးနိမ့်သွားသည်။ ဩစတေးလျဂျုံမှုန့်မှာ လက်လီသမား၊ မုန့်သမားအဝယ်များသော်လည်း အဝင်များခြင်းကြောင့် တစ်ပိဿာ ၃၈၅၀ဖြင့် ဈေးတည်ငြိမ်နေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် မိုးပြောင်းများ ဝင်ရောက်မှုရှိခြင်းကြောင့် အစာစပ်သမား ပုံမှန်ဝယ်ယူမှု ရှိသော်လည်း ၃တင်းတစ်အိတ် ယခင်အပတ် ၈၇၀၀၀ကျပ်မှ ၈၃၅၀၀ကျပ်သို့ ဈေးနိမ့် သွားသည်။

**ခင်မေကြည်**

Agribiz News www.agribiznews.com.mm ... သတင်း

စာ-၁၄ မှ

မှုန့်၊ မြေပဲဆံလှော်ထောင်း၊ ကြက်သွန်နီဆီချက်၊ ငရုတ်သီးအလှော်ထောင်းတို့နှင့်အတူ သံပရာရည်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ ဆိမ့်သက်မွှေးအနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် မိုးနံ့ရွက်ဖူးသုပ်လေးကြောင့် ထမင်းဝိုင်းအတွက် ဟင်းအမယ်တစ်မျိုးတိုးစေပြီး အလွန်ပင်ထမင်းမြိန်စေ၏။



- အချို့ကလည်း မိုးနံ့ရွက်နုလေးများကို ချိုးဖြတ်သန့်စင်ပြီးနောက် ဒယ်အိုးပူပူတွင် ဆီအနည်းငယ်ထည့်၊ ခေါက်ရိုက်ထားသော ကြက်သွန်ဖြူထည့် ဆီသတ်ပြီး ကြော်ချက်ချက်စားတတ်ကြ၏။
- မိုးနံ့ရွက်နုလေးများကို အရည်သောက်ချက်ပြုတ်ပြီး နို့တိုက်မိခင်များကို တိုက်ကျွေးခြင်းဖြင့် နို့ရွှင်စေ၏။
- အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ဘဲ၊ ဝက်၊နွားတို့ကိုလည်းလည်း တိရစ္ဆာန်အစာအဖြစ် ကျွေးမွေးတတ်ကြ၏။
- အခြားသောနိုင်ငံများတွင်လည်း မိုးနံ့ရွက်များကိုအချဉ်တည်ခြင်း၊ သနပ်ပြုလုပ်ခြင်းဖြင့် စားသုံးလေ့ ရှိကြ၏။
- လတ်ဆတ်သော အရွက်ဖျော်ရည်ကို ရေ၊ ပျားရည်နှင့် ရောစပ်ပြီး သောက်သုံးပေးခြင်းဖြင့် အအေးမိခြင်းကို သက်သာ စေရန်နှင့် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးခြင်းအပါအဝင် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ကို ရရှိစေနိုင်၏။
- မိုးနံ့စေ့များကို လှော်ပြီး စားသုံးနိုင်၏။
- မိုးနံ့ပင်ကို တိရစ္ဆာန်အစားအစာအဖြစ်လည်း အသုံးပြုနိုင်သကဲ့သို့ အသီးကို ဝက်များကို ကျွေးနိုင်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် မိုးနံ့ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံ အတွက် ဂေဟစနစ်ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများ ထိန်းသိမ်းရေးတို့ကို ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

**ကြေးမုံငယ်**

# ထူးခြားသည့်ဝိသေသလက္ခဏာများနှင့် တစ်ဖြည်းဖြည်းရေပန်းစားလာမည့်ကော်ဖီမျိုး

# လိုက်ဘာရီကာ



သူရိန်နိုင်
(ကော်ဖီ-ရာသီ)

လိုက်ဘာရီကာကော်ဖီ (Liberica Coffee) သည် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတွင် အဓိက အသုံးပြုသည့် မျိုးလေးမျိုးတွင် တစ်ခု အပါအဝင်ဖြစ်ပြီး (Rubiaceae) မျိုးရင်းဝင် အပင်တစ်မျိုး ဖြစ်ပါသည်။ ရုက္ခဗေဒအမည်မှာ Coffea liberica ဖြစ်ပါသည်။ ၎င်း၏ မူလဇာတိမှာ အနောက်နှင့် အလယ်အာဖရိကဒေသ ဖြစ်သော်လည်း ကိုလံဘီယာ (Colombia)၊ ဗင်နီဇွဲလား (Venezuela)၊ ဖိလစ်ပိုင် (Philippines)၊ ဘော်နီယို (Borneo Island) နှင့် ဂျားဗား (Java Island) ကျွန်းများ အပါအဝင် အရှေ့တောင်အာရှဒေသများထိ ပျံ့နှံ့ကာ ရှင်သန်ပေါက်ရောက်လာခဲ့ပါသည်။ အဆိုပါကော်ဖီမျိုးကို ဖိလစ်ပိုင် (Philippines) နှင့် မလေးရှား (Malaysia) နိုင်ငံတို့တွင် အများဆုံး စိုက်ပျိုးထုတ်လုပ်ပြီး ကမ္ဘာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု၏ ၁ ဒသမ ၅ - ၂ ရာခိုင်နှုန်းထိ ရှိပါသည်။ လိုက်ဘာရီကာ ကော်ဖီမျိုးသည် ရေပန်းစားသည့်ကော်ဖီမျိုးများဖြစ်သော အာရေးဗီးကား ကော်ဖီ (Arabica) နှင့် ရိုဘတ်စတာကော်ဖီ (Robusta) မျိုးများနှင့်မတူပဲ ကွဲထွက်လျက် တစ်မူ ထူးခြားသော ကော်ဖီမျိုးတစ်မျိုး ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် အချို့တွင် အဆိုပါ လိုက်ဘာရီကာကော်ဖီမျိုး ရှင်သန်ဖြစ်ထွန်းနိုင်ကြောင်းကို ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် စမ်းသပ်စိုက်ပျိုးထားရှိခဲ့သော လိုက်ဘာရီကာကော်ဖီပင်များ၏ ရှင်သန်ဖြစ်ထွန်းမှုကို လေ့လာကြည့်ရှုပြီး သိရှိနိုင်မည်ဖြစ်ပါသည်။

လိုက်ဘာရီကာကော်ဖီသည် ပူပြင်းစွတ်စိုသော အပူပိုင်းဒေသ မြေပြန့်ရာသီဥတုတွင် ကောင်းမွန်စွာ ရှင်သန်ဖွံ့ဖြိုးပါသည်။ ၎င်းကို ပင်လယ်ရေမျက်နှာပြင် မှ မီတာ ၉၀၀ (၂၉၅၃ ပေ) အမြင့်အထိ၊ အပူချိန် ၂၁ မှ ၃၀°C (၇၀ မှ ၈၆°F) ကြား၊ နှစ်စဉ် မိုးရေချိန် ၁၂၅၀ မှ ၃၅၀၀ မီလီမီတာ (၄၉ မှ ၁၃၇.၈ လက်မ) ကြားရရှိသည့် ဒေသရေမြေရာသီဥတုတွင် စိုက်ပျိုးနိုင်သည်။ ၎င်း၏ ရှယ်လျားကျယ်ပြန့်သော အမြစ်စနစ်ကြောင့် မြေဆီလွှာအမျိုးမျိုးတွင် ရှင်သန် ကြီးထွားနိုင်ပြီး အခြားကော်ဖီမျိုးစိတ်များထက် ပိုမိုကြံ့ခိုင်ကာ မိုးခေါင်ရေရှားဒဏ်ကို ခံနိုင်ရည် ရှိပါသည်။ ဤမျိုးစိတ်သည် ဟန်မီလီယားဗက်စ်စတာထရစ်မှို (Hemileia vastatrix) ကြောင့်ဖြစ်သော ကော်ဖီသံချေးမှိုရောဂါ (Coffee Leaf rust disease) အပါအဝင် ရောဂါများ နှင့် ပိုးမွှားများကို အလွန်အမင်း ခံနိုင်ရည်ရှိခြင်း၊ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ် (Climate Change) ရင်ဆိုင်ရချိန်တွင် ရောဂါပိုးကျရောက်လွယ်သည့် အာရေးဗီးကား (Arabica) နှင့် ရိုဘတ်စတာ (Robusta) အပင်များအား အစားထိုးရန်အတွက်ရွေးချယ်စရာ တစ်ခု ဖြစ်လာစေ ပါသည်။ လိုက်ဘာရီကာကော်ဖီမျိုးသည် ကော်ဖီမျိုးများစွာထဲတွင် တောင့်တင်းသန်မာသည့် မျိုးတစ်မျိုး ဖြစ်သည့်အတွက် ပိုးမွှားနှင့်ရောဂါဒဏ်ကိုခံနိုင်ရည် ရှိပြီး ရာသီဥတုအပြောင်းအလဲဖြစ်မှုဒဏ်ကို ခံနိုင်ရည်ရှိ ပါသည်။ ၎င်း၏ အရွက်နှင့်ချယ်ရီသီးများသည် အခြားမျိုးများထက် သိသာစွာ ကြီးမားပြီးရှည်လျားကြပါသည်။



စိုက်ပျိုးရေးသိပ္ပံ ( သထုံ )၊ မွန်ပြည်နယ် ရှိ လိုက်ဘာရီကာကော်ဖီပင်

အခြားကော်ဖီမျိုးများသည် အပင်ပု၍ ချုံပုတ်သဏ္ဌာန်ရှိသော်လည်း လိုက်ဘာရီကာ ကော်ဖီမျိုးသည် အလွန်မြင့်မားစွာကြီးထွားနိုင်ပြီး အမြင့်ပေ ၆၅ (မီတာ ၂၀) အထိ မြင့်မားနိုင်ခြင်းသည် ဤမျိုး၏ ထူးခြားချက်ဖြစ်ပါသည်။ ၎င်း၏ အရွက်များမှာ ကြီးမား၍ ခြောက်သွေ့မာကြောပြီး ဘဲဥပုံသဏ္ဌာန် ရှိပါသည်။ ရွက်ပြား၏ အနားပိုင်းသည် လှိုင်းတွန့်သဏ္ဌာန် ဖြစ်နေကာ အရွက်ကြောအကြားတွင် ဖောင်းကြွနေသဖြင့် တွန့်ရှုံ့နေသကဲ့သို့ ဖြစ်နေပါသည်။ လိုက်ဘာရီကာကော်ဖီသည် တနှစ်ပတ်လုံး ပန်းပွင့်သည့်သဘော သဘာဝရှိပြီး ပန်းရနံ့မှာလည်း အခြားကော်ဖီမျိုးများထက် ပိုမိုမွှေးကြိုင်ပြီး ပိုပြင်းပါသည်။ ပန်းပွင့်ချိန်မှ အသီးရင့်မှည့်ချိန် ကာလသည် ၁၂ - ၁၄ လထိ ကြာမြင့်ပါသည်။ ထို့ကြောင့် ကော်ဖီသီးမှည့်များကို ၎င်းတို့ ရင့်မှည့်မှု အရ တနှစ်ပတ်လုံး ရွေးချယ်ခူးဆွတ်ရန် လိုအပ်ပါသည်။ ထိုသို့ တနှစ်ပတ်လုံး ပန်းပွင့်သည့် သဘောသဘာဝရှိခြင်း၊ အလွန်မြင့်မားစွာကြီးထွားနိုင်ခြင်းတို့ကြောင့် လိုက်ဘာရီကာကော်ဖီအား ရိုဘတ်စတာကော်ဖီမျိုးနှင့် တွဲဖက်၍ သီးရောစနစ် (Intercropping System) ဖြင့် ကော်ဖီ စိုက်ပျိုးပါက ရိုဘတ်စတာကော်ဖီအား ဝတ်မှုန်ကူးခြင်းရာခိုင်နှုန်း (Pollination Percentage) ပိုမိုလာစေပြီး အသီးတင်မှုရာခိုင်နှုန်း (Fruit Setting Percentage) ပိုမိုလာနိုင်စေမည် ဖြစ်သလို ၎င်း၏ ပြင်းရှသောရနံ့ကြောင့် ၎င်းနှင့်တွဲဖက် စိုက်ပျိုးသည့် ကော်ဖီမျိုး၏ သောက်သုံးမှု အရည်အသွေး အပေါ် ကောင်းမွန်သည့် ရနံ့ဖြစ်ပေါ်မှုကို မြှော်လင့်နိုင်မည် ဖြစ်ပါသည်။ ထို့အတူ လိုက်ဘာရီကာကော်ဖီအား အကူအရိပ် (Secondary Shade) အဖြစ် အသုံးချနိုင်မည်ဖြစ်သလို လိုက်ဘာရီကာမှလည်း ထပ်ဆောင်း၍ ကော်ဖီသီးများ ခူးဆွတ်ရရှိနိုင်မည်ဖြစ်ပါသည်။

လိုက်ဘာရီကာကော်ဖီစေ့များသည် ကော်ဖီမျိုးစိတ်အားလုံးထဲတွင် ကော်ဖီစေ့အကြီးဆုံး မျိုးများထဲမှ တစ်ခုအပါအဝင် ဖြစ်ပါသည်။ လိုက်ဘာရီကာကော်ဖီစေ့၏ ပုံသဏ္ဌာန်မှာ အချိုးမညီပဲ တဖက်တိုပြီး တဖက်ရှည်ကာ မျက်ရည်စက် ပုံသဏ္ဌာန်ရှိသဖြင့် ထူးခြားသည့်သဏ္ဌာန် ရှိနေပါသည်။ ကော်ဖီ

စာ-၅ သို့